# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၃၀ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၂၉)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရခိုင်ပြည်နယ် အမ်းမြို့နယ် မင်းဘူး-အမ်း-စစ်တွေ လမ်းပေါ်ရှိ

# သယု(ပဲပဒို)ကြိုးတံတား ဖွင့်ပွဲကျင်းပ

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့ အမ်းမြို့နယ် မင်းဘူး-အမ်း-စစ်တွေ လမ်းပေါ်ရှိ သယု(ပဲပဒို) ကြိုးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။

(ဆောက်လုပ်ရေး)



**နေပြည်တော် ဩဂုတ် ၂၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ရခိုင်ပြည်နယ် အမ်းမြို့နယ် မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်ရှိ သယု (ပဲပဒို) ကြိုးတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ပေးခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❍



# စိုက်ပျိုးရေရရှိရန် နည်းလမ်း(၅)သွယ်ဖြင့် ဆောင်ရွက်နေသော ပွင့်ဖြူမြို့

➤ သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်) ➤

**ရန်ကုန် ဩဂုတ် ၂၉**

ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနတို့က မြန်မာနိုင်ငံ အလယ်ပိုင်း မြေလတ်ဒေသတွင် စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြသည်။ အကြီးစား၊ အလတ်စား၊ အငယ်စားတမံများ တည်ဆောက်၍ ရေသိုလှောင်ခြင်း၊ ရေလွှဲဆည်များတည်ဆောက်ခြင်း၊ ကန်ငယ်များ တည်ဆောက်ပြုပြင်ခြင်း၊ လျှပ်စစ်ဖြင့်ရေတင်ခြင်းနှင့် မြေအောက်ရေ ထုတ်ယူသုံးစွဲခြင်းတို့ဖြင့် စိုက်ပျိုးရေရရှိအောင် နည်းလမ်း(၅)သွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြသည်။

**စတင်လုပ်ဆောင်**

ယင်းသို့ ဆောင်ရွက်နေမှုများကို လေ့လာရန် ဇူလိုင် ၂၈ရက်က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်သို့ မြန်မာ့အလင်းသတင်းအဖွဲ့ ခရီးထွက်ခဲ့သည်။ မင်းဘူးမြို့မှ ၂၆မိုင် ကွာဝေးသော ပွင့်ဖြူမြို့သို့သွားရာ ကားလမ်းဘေးတစ်လျှောက် စိမ်းစိမ်းစိုစို မိုးစပါးစိုက်ခင်းများကို တွေ့ရသည်။ မရိတ်သိမ်းရသေးသော နှမ်းစပါးခင်းတချို့ကိုလည်း တွေ့ရ၏။ "ယခုနှစ် မိုးရာသီတွင် မကွေး၊ မင်းဘူး၊ ပွင့်ဖြူမြို့တို့၌ မိုးရေချိန် ၁၀လက်မခန့်သာ ရွာသွန်းသေးသည်"ဟု ကားမောင်း၍ လိုက်ပို့ပေးသူ မင်းဘူးမြို့ ဆည်မြောင်းရုံးမှ ဦးစီးအရာရှိ ဦးအောင်မြင့်က ပြောပြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ✳

ဆည်တော်ကျေးရွာ၌ လျှပ်စစ်ရေတင်စက်ဖြင့် အလျားပေ ၉၀၀ရှိ တူးမြောင်းမကြီးသို့ စိုက်ပျိုးရေများ ထုတ်လွှတ်ပေးနေသည်ကို တွေ့ရစဉ်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် ဩဂုတ် ၃၀ ရက်)

# စာပေနှင့်ယဉ်ကျေးမှု ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ရေး အမျိုးသားရေးအမွေခံကောင်းများအဖြစ် ခံယူဖော်ဆောင်

စာပေသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဖြစ်သည်။ မြန်မာစာပေသည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ အမျိုးသားရေး အမွေခံကောင်းများအဖြစ် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။

ကိုယ်ပိုင်စာပေရှိသော တိုင်းပြည်သည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်သည်။ ကိုယ်ပိုင်ယဉ်ကျေးမှုရှိသော တိုင်းပြည်သည် ကမ္ဘာ့အလယ်တွင် တင့်တယ်သည်။ ကိုယ်ပိုင်စာပေမရှိသော် တိုင်းတစ်ပါး၏ စာပေသည် ကိုယ့်စာပေဖြစ်ရသည်။ ကိုယ်ပိုင်ယဉ်ကျေးမှုမရှိသော် တိုင်းတစ်ပါး၏ ယဉ်ကျေးမှုသည် ကိုယ့်တိုင်းပြည်အတွင်း ဝင်ရောက်လာသည်။ ထိုအခါ ထိုတိုင်းပြည်သည် သူ့ကျွန်ဘဝရောက်ရသည်။

မြန်မာနိုင်ငံတွင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုရှိသည်။ စာပေနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်နိုင်သည်နှင့်အမျှ ကမ္ဘာ့အလယ်တွင် မြန်မာဟူ၍ ဆက်လက်ဝင့်ထည်နေမည်ဖြစ်သည်။

စာပေပညာရှင်များသည် နိုင်ငံနှင့်လူမျိုး၏ အသက်ဝိညာဉ်သဖွယ်ဖြစ်သည့် စာပေနှင့် အမျိုးသားယဉ်ကျေးမှုကို ရေရှည်တည်တံ့ပြီး နိုင်ငံတကာအလယ်၌ အမျိုးသားရေးဥပမိရုပ် ထည်ဝါတင့်တယ်စွာ ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်နေသော အမျိုးသားရေး အင်အားစုများဖြစ်ကြသည်။

စာပေပညာရှင်များသည် မိမိတို့၏ဝါသနာ၊ စေတနာ၊ ယုံကြည်ချက်များအပေါ်အရင်းခံပြီး နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက် နှစ်ကာလပေါင်းများစွာ ကတည်းက စာပေလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ စာပေပညာရှင်များ၏ တန်ဖိုးရှိသောစာပေများကို မပျောက် မပျက်ရန်၊ ဆက်လက်ထိန်းသိမ်းရန်၊ လေ့လာမှတ်သားရန် ယနေ့မျိုးဆက်သစ်လူငယ်များက ဆက်လက်တာဝန်ယူကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ယနေ့မျိုးဆက်သစ်လူငယ်များနှင့် စာပေပညာရှင်များသည် တိုင်းတစ်ပါးမှ ဝင်ရောက်လာသော သရုပ်ပျက်စာပေနှင့်ယဉ်ကျေးမှုများ၏ ထိုးဖောက်လွှမ်းမိုးမှုကို တားဆီးကာကွယ်ပြီး စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံလျက် စာပေနှင့်ယဉ်ကျေးမှုဓလေ့ထုံးစံများကို အမျိုးသားရေးအမွေခံကောင်း၊ အခြေခံကောင်းများအဖြစ်ခံယူကာ ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၀-၈-၂၀၁၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ကျင့်ကြံအားထုတ် တရားအလုပ်
၇:၂၀ ၄။ ဓမ္မပူဇာတေး
၇:၂၅ ၅။ မျိုးချစ်တပ်မတော်
၇:၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၄၅ ၆။ စိုက်ပျိုးသုတ
၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၃၀ ၉။ **မိုးသောက်ကြယ်** (အပိုင်း-၁၃ )
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၄၄ )
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း-၂)
၂၄။ **Mini Series**

## မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့၌ ဝန်ကြီးဦးမောင်မောင်ဆွေ ဌာနဆိုင်ရာလုပ်ငန်းများစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၉**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ဩဂုတ် ၂၀ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မီးသတ်စခန်း၌ သုံးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှုနှင့် မီးသတ်ယာဉ်စက် ကြံ့ခိုင်မှုအခြေအနေတို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမီးသတ်စခန်း၌ မြို့မီးဘေးကြိုတင်ကာကွယ်ရေး စီမံထားရှိမှု၊ မီးသတ်ယာဉ်စက် ကြံ့ခိုင်မှုနှင့် ရေရရှိရေးအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ ဝန်ကြီးသည် ဩဂုတ် ၂၂ရက်တွင် သီပေါမြို့ မီးသတ်တပ်ဖွဲ့စခန်း၌ မီးသတ်ယာဉ်စက်ကြံ့ခိုင်ရေး၊ ရေရရှိရေးလုပ်ငန်းများနှင့် ဆောက်လုပ်လျက်ရှိသည့် နှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်၍ ကျောက်မဲမြို့မီးသတ်စခန်း၌ လေးယူနစ် နှစ်ထပ်မီးသတ်စခန်း အဆောက်အအုံသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ကြီးသည် ဩဂုတ် ၂၃ရက်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မီးသတ်စခန်းသို့ရောက်ရှိပြီး နှစ်ခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုကာ လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်၍ နှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



စမ်းချောင်းမြို့နယ် ဓမ္မိကဝတီလမ်း အမှတ် ၄၅ နေ မိဘများဖြစ်ကြသော ဗိုလ်မှူးမောင်မောင်လွင်-ဒေါ်ဝင်းကြည်တို့အား ရည်စူး၍ ဦးဇော်လွင်ဦး -ဒေါ်စိုးစိုးမွန်မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူးဦးထွန်းအေး လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများပူးပေါင်း၍ ကြို့ပင်ကောက်မြို့နယ်အတွင်း တရားမဝင်ဆေးဝါးများ ရောင်းချမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

## စာပေမြင့်မှ လူမျိုးတင့်မည်



## စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီရေး ရွှေပြည်သာ၌ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်နှင့် ဝန်ထမ်းများက ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရှင်သန်ရေး၊ စာအုပ်စာစောင် တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့အတွက် ဩဂုတ် ၁၈ရက် နံနက် ၁၀နာရီက အမှတ်(၁၈) ရပ်ကွက် အရုဏ်ဦးစာကြည့်တိုက်သို့ ကွင်းဆင်းဆွေးနွေး ဆောင်ရွက်သည်။



**ရှင်းလင်းပြောကြား**

ယင်းဆွေးနွေးပွဲတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မြင့်(ဝဲပုံ)က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အုံးညွန့်က စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီညွတ်ရေး ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်များ ရှင်သန်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။
**(မြို့နယ် ပြန်/ဆက်)**

# ဂါဇာကမ်းမြောင်မှ ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အခက်အခဲရှိ

ဂါဇာ ဩဂုတ် ၂၉

**ဂါဇာကမ်းမြောင်မှ ရာပေါင်းများစွာသော ဖျားနာလူနာများမှာ ဂါဇာကမ်းမြောင်ကို အစ္စရေးတို့ပိတ်ဆို့ထားမှုကြောင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးရန် အခက်အခဲရှိနေသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။**



ဗင်နီဇွဲလားနိုင်ငံ ကာရာဘိုဘို ပြည်နယ် ဥါကာရာ အဝေးပြေးလမ်းမကြီးပေါ်တွင် လောင်စာဆီကားတစ်စီးတိမ်းမှောက်ပြီး မီးလောင်လျက်ရှိသည်ကို ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။ (၄င်းယာဉ် တိမ်းမှောက်မှုကြောင့် လူငါးဦး သေဆုံးခဲ့ရကြောင်း သိရသည်။)**(အင်တာနက်ဓာတ်ပုံ)**

### ခံစား

ဂါဇာကမ်းမြောင်မှ ပြည်သူတစ်သန်းခွဲတို့မှာ ၂၀၀၇ခုနှစ်ကတည်းက အစ္စရေးတို့၏ ပိတ်ဆို့မှုကို ခံစားခဲ့ရသည်။

ထို့အပြင် ဂါဇာကမ်းမြောင်မှ ပြည်သူများမှာ ဆေးကုသမှုခံယူရန် ပြည်ပသို့ သွားခွင့်မရကြကြောင်း ပရက်စ်တီဗွီ သတင်းထောက်က ပြောကြားသည်။ လူနာအများအပြားမှာ ၂၀၀၇ခုနှစ်ကတည်းက လိုအပ်သည့် ဆေးဝါး သို့မဟုတ် ဆေးကိရိယာများ မရရှိသဖြင့် သေဆုံးခဲ့ကြရသည်ဟုဆို၏။ **(အင်တာနက်)**



ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ရိုက်ဆယ်ပါးဒေသ၌ ရေဘေးကြုံတွေ့နေသူများအား ကျန်းမာရေးပြုစု စောင့်ရှောက်ပေးနေသည်ကို ဩဂုတ် ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# နယူးဇီလန်၌ လေယာဉ်ပြန်ပေးဆွဲရန် ကြိုးပမ်းမှု ဆိုမာလီအမျိုးသမီး ထောင်ဒဏ်ချမှတ်ခံရ

ဝယ်လင်တန် ဩဂုတ် ၂၉

**နယူးဇီလန်နိုင်ငံတွင် လေယာဉ်အပိုင်စီးရန် ကြိုးပမ်းသည့် ဆိုမာလီအမျိုးသမီးအား ဩဂုတ် ၂၈ရက်က ထောင်ဒဏ် ကိုးနှစ် ပြစ်ဒဏ်စီရင်လိုက်သည်။**

### စီရင်

ဆိုမာလီ အမျိုးသမီးအရှာအလီမှာ ၂၀၀၈ခုနှစ်က ဘာလင်ဟိမ်းမှ ခရစ်ချက်သို့ ပျံသန်းသည့် ဂျက်စထရင်း-၃၂ လေယာဉ်ကို ပြန်ပေးဆွဲရန် ကြိုးပမ်းမှုဖြင့် ခရစ်ချက် ခရိုင်တရားရုံးက အထက်ပါအတိုင်း ထောင်ဒဏ်ကိုးနှစ် စီရင်လိုက်ခြင်း ဖြစ်သည်။

### ပထမဆုံး

နယူးဇီလန်နိုင်ငံတွင် လေယာဉ်ပြန်ပေးဆွဲရန် ကြိုးပမ်းမှုဖြင့် ထောင်ဒဏ်ချမှတ်ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံး အကြိမ်ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အာဖဂန်တွင် တိုက်ပွဲဖြစ်ပွား အကြမ်းဖက်သမား ကိုးဦးသေဆုံး

*ကဘူးလ် ဩဂုတ် ၂၉*

*အာဖဂန်နိုင်ငံ အရှေ့မြောက်ပိုင်း တာကာငြိမ်းချမ်းရေးပြည်နယ်တွင် အကြမ်းဖက်သမားများနှင့် နိုင်ငံတကာတပ်ဖွဲ့ဝင်များတိုက်ပွဲဖြစ်ပွားခဲ့ရာ တာလီဘန် ကိုးဦး သေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ် ၂၈ရက်တွင် ပြောကြားသည်။*

### *သေဆုံး*

*တာလီဘန်အကြမ်းဖက်သမားများသည် မြောက်ပိုင်းငြိမ်းချမ်းရေးပြည်နယ်ကို ထိုးဖောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို အမြန်ဆုံး ချေမှုန်းရန် နိုင်ငံတကာတပ်ဖွဲ့ဝင်များက သန္နိဋ္ဌာန်ချထားခဲ့သည်။ ယင်းနေ့၌ပင် ဟန်ဇာ ပြည်နယ်ရှိရဲစခန်းကို အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ကိုးဦး သေဆုံးခဲ့ကြောင်းသိရသည်။* **အမ်အင်န်အေ၊ဆင်ဟွာ**

# ဦးနှောက်အမြှေးရောင်ရောဂါကြောင့် လူ ၂၀၀ကျော်သေဆုံး

*နယူးဒေလီ ဩဂုတ် ၂၉*

*အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်အချို့တွင် ဦးနှောက်အမြှေးရောင် ရောဂါဖြစ်ပွားခဲ့ရာ လူ ၂၀၀ကျော် သေဆုံးခဲ့ကြောင်း အိန္ဒိယသတင်းဌာနက ဩဂုတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။*

*အဆိုပါရောဂါပိုးမှာ ပြည်နယ်များသို့ ပျံ့နှံ့နေပြီး ပြီးခဲ့သည့် နှစ်ပတ်အတွင်း ငါးဦးသေဆုံးခဲ့ကြောင်း၊ လူနာ ၁၆၅ ဦးမှာ ဆေးရုံမှ ဆင်းသွားပြီး ၆၀မှာ ဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း သိရသည်။* **အမ်အင်န်အေ၊ဆင်ဟွာ**

# အာဖဂန်တောင်ပိုင်းတိုက်ခိုက်မှု နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

*ကဘူးလ် ဩဂုတ် ၂၉*

*အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ဩဂုတ် ၂၉ရက်က နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း၊ ၄င်းသည် ဩဂုတ် ၂၈ရက်နောက်ပိုင်း သေဆုံးသည့် ခြောက်ဦးမြောက် နေတိုးတပ်ဖွဲ့ဝင် ဖြစ်ကြောင်း နေတိုးတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။*

*အာဖဂန်အရှေ့ပိုင်း၌လည်း ဩဂုတ် ၂၈ရက်က အလားတူအကြမ်းဖက် တိုက်ခိုက်မှုကြောင့် နေတိုးတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးခဲ့ရသည်။* **အမ်အင်န်အေ၊ဆင်ဟွာ**

# ဆူမတြားကျွန်းပေါ်ရှိ စီနာဘတ်မီးတောင်ပေါက်ကွဲ ထောင်ပေါင်းများစွာသော ပြည်သူများထွက်ပြေးကြရ

ဂျကာတာ ဩဂုတ် ၂၉

**အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း၌ ဩဂုတ် ၂၉ရက်က နှစ်ပေါင်း ၄၀၀အတွင်း ပထမဆုံးအကြိမ်အဖြစ် မီးတောင်ပေါက်ကွဲခဲ့ရာ ထောင်ပေါင်းများစွာသော ပြည်သူများထွက်ပြေးကြရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။**

အဆိုပါ မီးတောင်မှ ပြာမှုန့်များနှင့် မီးခိုးများ ၁ဒသမ ၅ကီလိုမီတာအမြင့်သို့ လွင့်ပျံနေကြောင်း၊ ယင်းမီးတောင် ပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံးပြီး အနီးအနားရှိ လူဦးရေ ၁၀၀၀၀ခန့် ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

### ထိခိုက်

ယင်းမီးတောင်ပေါက်ကွဲမှုကြောင့် ဒေသတွင်း အဓိကလေဆိပ်ကြီးများသို့ လေကြောင်းပျံသန်းမှု ထိခိုက်စေလိမ့်မည် မဟုတ်ကြောင်း အင်ဒိုနီးရှား ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

### ပန်းထွက်

စီနာဘတ်မီးတောင်မှ လွန်ခဲ့သည့် ညပိုင်းက မီးတောင်ချော်ရည်များ ပန်းထွက်ခဲ့ကြောင်း၊ ယင်းမီးတောင်မှာ အမြင့်မီတာ ၂၄၀၀ခန့်ရှိကြောင်း သိရသည်။

**(အင်တာနက်)**



# ဖိလစ်ပိုင်တွင် ပြန်ပေးဆွဲမှုအတွက် ဝမ်းနည်းမှတ်တမ်းတွင် လူပေါင်း၃၇၉၀၀ကျော် လက်မှတ်ရေးထိုး

ဟောင်ကောင် ဩဂုတ် ၂၉

ဖိလစ်ပိုင်နိုင်ငံတွင် လွန်ခဲ့သောလေးရက်က ဖြစ်ပွားခဲ့သည့် ပြန်ပေးဆွဲမှုနှင့် ပတ်သက်၍ ဟောင်ကောင်မှ ပြည်သူပေါင်း ၃၇၉၀၀ကျော်က ဝမ်းနည်းမှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း ပြည်သူ့ရေးရာဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၂၈ရက်တွင် ပြောကြားသည်။

### လက်မှတ်ရေးထိုး

အဆိုပါ ဝမ်းနည်းမှတ်တမ်းစာအုပ်တွင် ဟောင်ကောင်ရှိ ၁၈ခရိုင်၌ ဩဂုတ် ၂၄ရက်က ညနေ ၆နာရီမှ ည ၉နာရီအထိ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ပြည်သူများသည် အီးမေးလ်ဖြင့်လည်း ဝမ်းနည်းမှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြသည်ဟု ဆိုသည်။ လက်မှတ်ရေးထိုးသူ ပြည်သူများထဲတွင် ၄င်းပြန်ပေးဆွဲမှု၌ သေဆုံးသွားသော ဆွေမျိုးများ၊ မိသားစုဝင်များလည်း ပါဝင်ကြသည်။ ယင်းပြန်ပေးဆွဲမှုသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဟောင်ကောင်ခရီးသွားများပါဝင်သော ဘတ်စ်ကားကို ရဲအရာရှိဟောင်းတစ်ဦးက ပြန်ပေးဆွဲရာမှ ပစ်ခတ်မှုဖြစ်ပွားပြီး လူရှစ်ဦး သေဆုံးခဲ့ရကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ ငါးပြတိုက်၌ လင်းပိုင်များအား လေ့ကျင့်သင်ကြားပေးနေသည်ကို ဩဂုတ် ၂၉ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

## နောက်ဆုံးရနိုင်ငံတကာသတင်းများ

➤ အာကာကျော်-စုစည်းသည် ➤

### တရုတ်အနောက်တောင်ပိုင်း လျှော်လှူပ်၊ နေအိမ်အလုံး ၄၀၀ ထိခိုက်ပျက်စီးခဲ့

*ပေကျင်း ဩဂုတ် ၂၉*

*တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် ဩဂုတ် ၂၉ရက်က မြေငလျင်လှုပ်ခဲ့ရာ လူ၁၄ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။*

*အဆိုပါ ငလျင်သည် ရစ်ချ်တာစကေး ၅ ဒသမ ၀အဆင့်ရှိပြီး ဒေသစံတော်ချိန် နံနက် ၈နာရီ ၅၃မိနစ်က လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နေအိမ်ရာပေါင်းများစွာ ပျက်စီးသွားကြောင်း၊ သို့ရာတွင် ထိခိုက်သေဆုံးမှုသတင်းမသိရသေးကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။ ယင်းငလျင်သည် စီချွမ်ပြည်နယ် နန်ဂန်ဒေသနှင့် ယူနန်ပြည်နယ်ကျောက်ကျာဒေသအတွင်း လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နေအိမ်အလုံး ၄၀၀ ခန့် ပျက်စီးသွားခဲ့ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ပြောကြားသည်။* ***(အောက်ပုံ)*** ***အမ်အင်န်အေ၊ဆင်ဟွာ***



### အာဖဂန်အကြမ်းဖက်မှု တစ်လအတွင်း လူ ၉၇ဦး သေဆုံးခဲ့

*ကာဘူးလ် ဩဂုတ် ၂၉*

***အာဖဂန်နစ္စတန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သဖြင့် ဇူလိုင် ၂၃ရက်မှ ဩဂုတ် ၂၂ရက်အထိ လူပေါင်း ၉၇ဦး သေဆုံးခဲ့ရကြောင်း အာဖဂန်ရဲအဖွဲ့က ဩဂုတ် ၂၉ရက်တွင် ပြောကြားသည်။ အဆိုပါ သေဆုံးသူများတွင် တာလီဘန် ၆၁ဦးနှင့် အရပ်သား ၂၂ဦး ပါဝင်ကြောင်း၊ ၁၂ဦးမှာ အာဖဂန်တပ်ဖွဲ့ဝင်များဖြစ်ကြောင်း အာဖဂန်ရဲအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။***

*(အင်တာနက်)*

### အစ္စရေး-ပါလက်စတိုင်းဆွေးနွေးမှု ပြည်သူများလက်မခံ

*ဂါဇာ ဩဂုတ် ၂၉*

*ပါလက်စတိုင်း အမျိုးသားအဖွဲ့(ပီအင်န်အေ)က အစ္စရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်စရန် ဆုံးဖြတ်ထားမှုအပေါ် ထောင်ပေါင်းများစွာသော ပါလက်စတိုင်းပြည်သူများက လက်မခံနိုင်၍ ဂါဇာတွင် ချီတက်ဆန္ဒပြခဲ့ကြသည်။*

*အစ္စရေး-ပါလက်စတိုင်း စေ့စပ်ဆွေးနွေးမှုပြန်စရေး ဆွေးနွေးမှုကို စက်တင်ဘာလဆန်းတွင် ဝါရှင်တန်၌ ပြုလုပ်ရန် စီစဉ်ထားသည်။*

*ဆန္ဒပြသူများက ပါလက်စတိုင်းအလံများ ဝှေ့ယမ်း၍လည်းကောင်း၊ အစ္စရေးဆန့်ကျင်ရေးကြွေးကြော်သံများ ကြွေးကြော်၍လည်းကောင်း ချီတက်ဆန္ဒပြခဲ့ကြသည်။* ***(အင်တာနက်)***

### အာဖဂန်မြောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွား

*ကွန်ဒုဇ် ဩဂုတ် ၂၉*

***အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ်တွင် ဩဂုတ် ၂၉ရက်က လမ်းဘေးဗုံးပေါက်ကွဲခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။***

***အဆိုပါ လမ်းဘေးဗုံးမှာ ခါနာဘက်ဒေသ၌ ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီက ဖြစ်ပွားခဲ့ကြောင်း သိရသည်။***

*အမ်အင်န်အေ၊ဆင်ဟွာ*




### မက္ကဆီကိုလေကြောင်းလိုင်းများ ကမ္ဘာတစ်ဝန်းပျံသန်းမှုရပ်ဆိုင်း

***လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၉***

*မက္ကဆီကိုနိုင်ငံ၏ အကြီးဆုံးလေကြောင်းလိုင်းဖြစ်သည့် မက္ကဆီကာနာလေကြောင်းလိုင်းသည် ဩဂုတ် ၂၈ရက် နံနက်ပိုင်းကစပြီး လော့စ်အိန်ဂျလိစ်လေဆိပ်သို့ ဆင်းသက်မှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။*

*အဆိုပါ မက္ကဆီကိုလေကြောင်းလိုင်းသည် နိုင်ငံခြားသားခရီးသွား အများဆုံးစီးနင်းလျက်ရှိသည့် လေကြောင်းလိုင်းဖြစ်သည်။ လေကြောင်းလိုင်းအားလုံးကို ဒေသစံတော်ချိန် နံနက် ၁၀နာရီတွင် ရပ်ဆိုင်းသွားမည်ဟုမျှော်လင့်ရကြောင်း၊ လော့စ်အိန်ဂျလိစ်လေဆိပ်ရှိ ခရီးသွားများအနေဖြင့် အခြားလေကြောင်းလိုင်းသို့ ပြောင်းရန်လည်း တာဝန်ရှိသူများက တိုက်တွန်းလိုက်သည်။*

*အဆိုပါမက္ကဆီကာနာအမည်ရှိ လေကြောင်းလိုင်းသည် ငွေကြေးခဝါချမှုဖြစ်ပြီးနောက် ကမ္ဘာတစ်ဝန်း လေကြောင်းပြေးဆွဲမှုကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။* ***(အပေါ်ပုံ)*** ***(အင်တာနက်)***

## ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အလှူငွေများပေးအပ်

**ရန်ကုန် ဩဂုတ် ၂၉**

ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းက ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေး ကုသိုလ်ဖြစ်အဖွဲ့များသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက်က ကျင်းပရာ အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့် အဖွဲ့ဝင်များ၊ အမွေထိန်းအဖွဲ့ဝင် လူကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)က အလှူငွေများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး “HOSPICE” တည်ထောင်ခြင်းနှင့်စပ်လျဉ်းသည့်မှတ်တမ်း ဗွီစီဒီကို ပြသသည်။



**ပေးအပ်လှူဒါန်း**

ထို့နောက် ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း နာယကနှင့် အဖွဲ့ဝင်များက ဦးလှထွန်းမကွယ်လွန်မီက ဆန္ဒပြုခဲ့သော ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေးကုသိုလ်ဖြစ်အဖွဲ့ ၁၈ဖွဲ့ တို့သို့ အလှူငွေကျပ် ၇၂၅သိန်းကို ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

**တည်ထောင်ဖွင့်လှစ်**

အဆိုပါ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း(ရန်ကုန်)ကို ၂၀၀၀ပြည့်နှစ် စက်တင်ဘာ ၂ရက်တွင် လည်းကောင်း၊ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း(မန္တလေး)ကို ၂၀၀၃ခုနှစ် ဩဂုတ်၁၅ရက်တွင် လည်းကောင်း တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ဦးလှထွန်းသည် ကင်ဆာဝေဒနာရှင်များအား သားသမီးများသဖွယ် ပြုစုစောင့်ရှောက်နေစဉ် ၂၀၀၆ခုနှစ် နိုဝင်ဘာ၂၆ရက်က ကွယ်လွန်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## သဘာဝဘေးအန္တရာယ်များတွင် ပါဝင်ကူညီရေး စီမံချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ ကွန်ရက်အဖွဲ့တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်များတွင် အရေးပေါ်ပါဝင်ကူညီဆောင်ရွက်ရေး စီမံချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်၂၃ရက် နံနက်၁၀နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေပြင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး သဘာဝဘေးအန္တရာယ်များကျရောက်ပါက အစိုးရမဟုတ်သော ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများအနေဖြင့် ပါဝင်ဆောင်ရွက်ကြမည့် အခန်းကဏ္ဍများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကွင်းဆင်းဆောင်ရွက်

ကျောက်မဲခရိုင် မဘိမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်နိုင်မိုး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေမာနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများ ပူးပေါင်း၍ မြို့ပေါ်သုံးရပ်ကွက်ရှိ နေအိမ်များ၌ ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



## ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ရွှေမြို့ တွဲဖက်အထက်တန်းကျောင်းတွင် အလျား ပေ ၆၀၊ အနံ ၂၆ပေ၊ အမြင့် ၁၂ပေ အာရ်စီ၊သွပ်မိုး ကျပ် ၅၅သိန်းတန် တစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းနိုင်က အမှာစကား ပြောကြားပြီး အလှူရှင် ဦးတင်စိန်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။



**လွှဲပြောင်းပေးအပ်**

တပ်ကုန်းမြို့နယ် ကံလှရွာနေ မိဘနှစ်ပါးဖြစ်သော ဦးအောင်ရင်-ဒေါ်သန်းရီတို့အားရည်စူး၍ သားသမီးများကိုယ်စား ဦးတင်စိန်က ကျောင်းဆောင်သစ်နှင့် စာရင်းဇယားများကို ဆရာဦးတင်လတ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

**ဂုဏ်ပြုမှတ်တမ်း**

ထို့နောက် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးညီညီက ဂုဏ်ပြုမှတ်တမ်းလွှာများကို အလှူရှင်ထံသို့ ပြန်လည်ပေးအပ်သည်။ **(ဓါတ်ပုံ)** **(ဝ၉၁)**

# မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

## မီးသတ်စခန်းများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် ဩဂုတ် ၂၄ရက်က နေပြည်တော်ရှိ အမှတ်(၃) မီးသတ်စခန်းသို့ ရောက်ရှိပြီး မီးသတ်ယာဉ်/စက်ကွင်းခိုင်ရေး၊ အသင့်ရှိရေးနှင့် ရေရရှိရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**စစ်ဆေး**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မီးသတ်စခန်းနှင့် အောင်လံမြို့မီးသတ်စခန်းတို့သို့ သွားရောက်၍ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ယာဉ်/စက်ကွင်းခိုင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၂၅ရက်က ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရှိ ပြည် **(အောက်ပုံ)**၊ ရွှေတောင်၊ ပေါင်းတည်၊ နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ အုတ်ဖို၊ မင်းလှ၊ ကျွန်းကလေး၊ လက်ပံတန်း၊ သာယာဝတီ၊ သုံးဆယ်နှင့် ဥက္ကံမြို့နယ်များရှိ သန္ဓေနှင့် အရန်မီးသတ်စခန်းများသို့ရောက်ရှိပြီး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေး၊ ရေရရှိရေးနှင့် ယာဉ်/စက်ကွင်းခိုင်ရေးလုပ်ငန်းများနှင့် ဝန်ထမ်းအိမ်ရာ ခွဲဝေချထားမှုများ ဆောင်ရွက်သွားရန်မှာကြားခဲ့ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ

## ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၉

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဟင်္သာတခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များနှင့်အတူ ဩဂုတ် ၂၄ရက် မွန်းလွဲ ၂နာရီက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် ကညင်ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိပြီး ပင်မတမံရေထုတ်ပြွန်နှင့် ရေပိုလွှဲတည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ဝန်ကြီးက စီမံကိန်းရှင်းလင်းဆောင်၌ လုပ်ငန်းဆိုင်ရာများမှာကြားပြီး ရှင်းလင်းဆောင်ရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုနှင့် ကညင်ချောင်းအတွင်းရှိ ကျောက်များစုဆောင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

**မြေသားတမံ**

ပင်မတမံသည် မြေသားတမံအမျိုးအစားဖြစ်ကာ တမံအမြင့် ၁၉၄ပေ၊ တမံအလျား ပေ၃၇၅၀၊ ကုန်းကြောတမံများ အလျား ပေ ၂၈၅၀ ရှိသည်။ ယခုအခါ တမံမြေကြီးလုပ်ငန်းပြီးစီးမှု ၇၃ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ရေထုတ်ပြွန်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ရေထုတ်ပြွန်အမျိုးအစားမှာ ဖိအားမြှင့် သံမဏိပိုက်ဖြစ်ပြီး အလျား ၉၃၈ပေရှိသည်။ ရေထုတ်ပြွန်လုပ်ငန်းမှာ ယခုအခါ မြေကြီးလုပ်ငန်း၅၆ရာခိုင်နှုန်းနှင့် ကွန်ကရစ်လုပ်ငန်း ၁၄ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ် သည်။

**ရေပိုလွှဲ**

ယင်းနောက် ဝန်ကြီးသည် ရေပိုလွှဲ တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ရေပိုလွှဲမှာ အကျယ် ပေ ၂၅၀၊ အလျား ၉၉၁ပေရှိပြီး ယခုအခါ မြေကြီးလုပ်ငန်း ၆၁ရာခိုင်နှုန်းနှင့် ကွန်ကရစ်လုပ်ငန်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။ စီမံကိန်းတစ်ခုလုံး၏ ပြီးစီးမှုရာခိုင်နှုန်းမှာ ၆၁ရာခိုင်နှုန်းဖြစ်သည်။

**အထောက်အကူပြု**

ကညင်ရေလှောင်တမံသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ကညင်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိပြီး လယ်မြေဧက ၂၅၀၀၀ခန့်ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်မည်ဖြစ်ကာ ရေအားလျှပ်စစ် ၅မဂ္ဂါဝပ် ထုတ်လွှတ်၍ ပတ်ဝန်းကျင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် စီမံကိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ လင်းခေးမြို့နယ်တွင် ကျင်းပ

လင်းခေး ဩဂုတ် ၂၉

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၂၄ရက် နံနက် ၈နာရီက လင်းခေးမြို့အဝင် စိုက်ကွင်း၌ကျင်းပသည်။

**ပျိုးပင်များပေးအပ်**

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေ၊ ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် တာဝန်ရှိသူများက ပျိုးပင်များကိုပေးအပ်ရာ ဌာနဆိုင်ရာများနှင့် ရပ်ကွက်ဥက္ကဋ္ဌများက လက်ခံယူသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများက ကျွန်းပင် ၁၉၀၀ကျော်နှင့် ယူကလစ်အပင် ၃၀၀ကျော်ကို အတူတကွ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

# ပညာရပ်ဆိုင်ရာ ဟောပြောမည်

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း (Myanmar Geosciences Society)က ကြီးမှူးကျင်းပမည့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲတွင် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က “Energy to 2035 and Beyond” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါက်တာဝင်းနိုင်က “Seismotectonics of Myanmar and Geotechnical Foundation” ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြော ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာအုပ်စာပေ လှူမိတ်ဆွေ



# ကျောက်ချောလမ်းခင်း

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နဘူးအိုင်-ဆီမီးခုံ ကျေးလက်လမ်း ကျောက်ချောခင်းခြင်းကို ဩဂုတ် ၅ရက်တွင် အမှုဆောင်အရာရှိ ဦးအေးမြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်ဝေဝေလွင်တို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ခင်မာလာ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ကြံခင်းမြို့နယ်၌ကျင်းပ

ကြံခင်း ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ရေနံတောင်ကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာ မြတ်ပညာကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညောင်ဝိုင်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ဩဂုတ် ၂၅ရက် နံနက် ၉နာရီက ကျင်းပရာ ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းက အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဝင်းရှိန်က စံ(၅)ချက်နှင့်ညီညွတ်သော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ဆွေးနွေးဟောပြောသည်။

ထို့နောက် အလှူရှင်များက စာအုပ်စာစောင်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်**

ဆက်လက်၍ စာကြည့်တိုက်အဆောက်အအုံသစ်ကို ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သူဇာနှင့် ရေနံတောင် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

စာကြည့်တိုက်အဆောက်အအုံသစ်မှာ အလျား ၁၈ပေ၊ အနံ ၁၅ပေရှိ အုတ်ညှပ်သွပ်မိုး၊ အင်္ဂတေခင်း တစ်ထပ်အဆောက်အအုံဖြစ်ပြီး ငွေကျပ်သိန်း၂၀ကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ကျေးလက်လမ်း၊ တံတားဝေစည်စွာဖြင့် တိုးတက်လှပနေသော ပန်းတောင်းမြို့

သတင်းဆောင်းပါး-ကိုတင်လှိုင်(မိတ္ထီလာ) ဓာတ်ပုံမှတ်တမ်း-ကိုသန့်စင်(မိတ္ထီလာ)

**နေပြည်တော် ဩဂုတ် ၂၉**

ပန်းတောင်းမြို့သည် ပြည်မြို့ တစ်ဖက်ကမ်းတွင်တည်ရှိပြီး ပြည်မြို့မှ ၁၄မိုင်ဝေးသည်။ ပြည်မြို့မှ ပန်းတောင်းမြို့သို့ ဧရာဝတီ နဝဒေးတံတားကြီးကို ဖြတ်၍ သွားရသည်။ ပန်းတောင်းမြို့သို့ သွားရာတွင် တောင်ခါးပန်းကိုပတ်၍ တောင်တက်တောင်ဆင်းကာ ဧရာဝတီ မြစ်ကိုပတ်၍ သွားရသည်။ ပြည်မြို့နှင့် ပန်းတောင်းမြို့အကြားတွင် အကြီးစား စက်မှုလုပ်ငန်း ထုတ်လုပ်ရာ ဆင်တဲနှင့် ထုံးဘို စက်ရုံကြီးများကို တွေ့ရသည်။ ပန်းတောင်းမြို့သည် မြို့ငယ်လေးသာ ဖြစ်သော်လည်း သာယာသည်။ လှပသည်။ သန့်ရှင်းသည်။ ရခိုင်ပြည်နယ်သို့ သွားရာလမ်းပေါ်တွင် တည်ရှိသည်။



## ပါဝင်

ပန်းတောင်းမြို့တွင် ရပ်ကွက်ကြီး ၄ါးရပ်ကွက်ရှိသည်။ ကြခတ်၊ မင်းရပ်၊ ဝန်လို၊ စည်သာနှင့် မောင်းကန်ရပ်ကွက်ကြီးများဖြစ်သည်။ ကျေးရွာအုပ်စု ၃၉အုပ်စုရှိပြီး ကျေးရွာပေါင်း ၂၀၉ ရွာ ပါဝင်သည်။ အိမ်ထောင်စု ၂၆၂၂၃စုရှိပြီး လူဦးရေ ၁၀၂၇၃ ဦးရှိသည်။

**ပန်းတောင်းမြို့မှ ကြိုဆိုပါ၏ မြို့ဝင်ဆိုင်းဘုတ်ကလည်း ခံ့ခံ့ညားညား။**



## ရေပေးဝေနိုင်

ပန်းတောင်းမြို့နေ ပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် လျှပ်စစ် မြစ်ရေတင်စနစ်ဖြင့် ဖြန့်ဝေပေးနေသည်။ မြို့နေပြည်သူများ သောက်သုံးရေ အိမ်တိုင်ရာရောက် ရရှိရေးအတွက် ၁၉၉၆ခုနှစ်မှ စတင်၍ လျှပ်စစ်မြစ်ရေ ပေးရေးစနစ်ဖြင့် ကြခတ်၊ မင်းရပ်၊ ဝန်လို ရပ်ကွက်များတွင် ရေတိုင် ၁၇၃တိုင်ဖြင့် ရေပေးဝေဖြန့်ဖြူးပေးနေသည်။ ထို့အပြင် အများသုံးရေတိုင် တစ်တိုင်နှင့် အများသုံး အလျား၁၀ပေ၊ အနံ ခြောက်ပေ၊ အမြင့် ခြောက်ပေရှိ ရေဂါလန် ၂၂၅၀ဆံ့ သောက်သုံးရေကန်ကြီး တစ်ကန်ကိုလည်း တည်ဆောက်ပေးထားသည်။

## တည်ဆောက်ပေး

ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၀၉ရွာတွင် တွင်းနက် ၇၁၆တွင်း၊ တွင်းတိမ် ၁၂၅၇တွင်း၊ လက်တူးတွင်း ၄၈၀နှင့် စိမ့်စမ်းရေ ၇၄တွင်းရှိသည်။ ကျေးရွာများတွင် ပေ ၃၀၀ပတ်လည်ရှိ မိုးရေလှောင်ကန် ၄၄ကန်လည်း တည်ဆောက်ပေးထားသည်။ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ရာတွင် အထူးအောင်မြင်မှု ရရှိနေသည်။ ကျေးရွာများတွင် သောက်သုံးရေ အခက်အခဲမရှိ ဖူလုံစွာရရှိနေပြီဖြစ်သည်။ ၂၀၁၀ ခုနှစ် မေ ၁၃ရက်က ကျီးပင်ကျေးရွာတွင် တိုကင်တွင်းနှစ်တွင်း တူးဖော်ပေးရာ တစ်နာရီ ရေဂါလန် ၆၀၀ ထွက်ရှိနေပြီး ရေဖူလုံစွာရရှိနေပြီဖြစ်သည်။

## တပ်ဆင်

ရွှေရာသီက ရေအခက်အခဲတွေ့ကြုံနေရသည့် တောင်ပို့ကြီးရွာ၊ မြေဝါကုန်း၊ မှန်ကုန်းကျေးရွာများသို့ မြို့နယ်စည်ပင်သာယာရေးရေသယ်ယာဉ်ဖြင့် ရေဂါလန် ၁၈၀၀ နှစ်ရက်ဆက်တိုက် ဖြန့်ဝေပေးခဲ့သည်။ မြို့နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် လေးလက်မ PVC ရေပိုက်များကို ဝယ်ယူတပ်ဆင်ပေးထားသည်။

**ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တောင်ဘို့ကြီးကျေးရွာတွင် စက်ရေတွင်းတူးဖော်စဉ် ရေထွက်ရှိ၍ ရွာသူရွာသားများ ဤသို့ ပျော်ရွှင်ခဲ့ကြသည်။**

ဝန်လိုတိုးချဲ့ရပ်ကွက်၌ လေးလက်မ စက်ရေတွင်း တူးဖော်ပေးပြီး အုတ်ရေကန်တည်ဆောက်ပေးခဲ့သည်။

## ပြုပြင်ဖောက်လုပ်

မြို့နယ်အတွင်း၌ ကျေးလက်လမ်းများအဖြစ် တလုပ်ပင်၊ ဇရပ်လှမင်း၊ ဖောင်းကန်၊ ရေဝင်လမ်း၊ ဥသျှစ်ပင်၊ ဘင်္ဂလမ်း၊ သူရဲကန်လမ်း၊ ဂုံညှင်းကန်လမ်း၊ ပဲကြီးလမ်း၊ ထောက်ကြံ့ကုန်းလမ်း၊ ကြပ်ပြိုလမ်း၊ ထုံးဘိုတောလမ်း၊ ဒေါင်းမြတ်နားလမ်း၊ နတ်မောက်လမ်း၊ ဆင်တဲလမ်း၊ ထနောင်းလမ်း၊ သပြေညိုလမ်း၊ ပုန်းညက်လမ်း၊ ယင်းမာလမ်း၊ စိန်ပန်းပြာလမ်း၊ ကံ့ကော်လမ်း၊ အင်ကြင်းလမ်း၊ စကားဝါလမ်း၊ ခိုင်ရွှေဝါလမ်း၊ ခိုင်မာလာလမ်း၊ ပျဉ်းမမြိုင်လမ်း၊ မာလာမြိုင်လမ်း၊ စည်ပင်သာယာလမ်း၊ ဥသျှစ်ပင် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈လမ်း၊ တမာလမ်း၊ စံပယ်လမ်း၊ ရန်ကင်းလမ်း၊ လက်သမားလမ်း၊ ဇီဇဝါလမ်း၊ အုတ်တံတားလမ်း၊ စံပယ်ရုံလမ်း၊ မောဒီလမ်း၊ အောင်ရိပ်သာလမ်း၊ မေတ္တာလမ်း၊ ခရေလမ်း၊ ရွှေကျွန်းတောလမ်း၊ သခွပ်တန်းလမ်း၊ ရွှေဝါလမ်း၊ ပြည်တော်သာလမ်း၊ ပိတောက်လမ်း၊ ဗိုလ်မြင့်အောင်လမ်း၊ ထုံးဘိုအကြီးစားစက်ရုံနယ်မြေရှိ ဗိုလ်ချုပ်လမ်း၊ ပန်းခြံလမ်း၊ ပုပ္ပားလမ်း၊ သခင်ဘိုးလှကြီးလမ်း၊ ကျိုက္ကစ်လမ်း၊ ဗိုလ်အောင်ကျော်လမ်းတို့ဖြစ်ပြီး ဆင်တဲစက်ရုံနယ်မြေရှိ အလယ်ပိုင်းလမ်း၊ မြောက်ပိုင်းလမ်း၊ အမှတ်(၁)၊ အမှတ်(၂) လမ်း စသည့် ကျေးရွာလမ်းပေါင်း ၁၈၇လမ်းကို ပြုပြင်ဖောက်လုပ်ထားသည်။



**ဖြူးကုန်းတံတားကို ဤသို့ တွေ့မြင်ရသည်။**

## ပိုမိုကောင်းမွန်

ပန်းတောင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်ရေးအတွက် ကျေးလက်တံတားများ တည်ဆောက်ပေးခဲ့သည်။ တည်ဆောက်ပေးခဲ့သော တံတားများမှာ စမုံညိုတံတား၊ ဘင်္ဂတံတား၊ ထုံးဘိုတံတား၊ နတ်မောက်တံတား ၁၊ ၂၊ ၃၊ ရွှေဘုံသာဦးဖိုးတောင်တံတား ၁၇စင်း၊ စွယ်တော်တံတား၊ ဖြူးကုန်းတံတားတို့ ဖြစ်ကြသည်။

## အလှပဆုံးမြို့

ပန်းတောင်းမြို့သည် ငယ်သော်လည်း ကျေးလက်ဖွံ့ဖြိုးရေးအတွက် လမ်းပေါင်း ၁၈၇လမ်းကို ဖောက်လုပ်နိုင်ခဲ့သည်။ ပြောရလျှင် ပန်းတောင်းမြို့နယ်သည် ကျေးလက်ဒေသ အများအပြားဖြင့် ဖွဲ့စည်းထားရာ အဆိုပါကျေးလက်များဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိခြင်းကြောင့် ပြည်ခရိုင်အတွင်းရှိ ပန်းတောင်းမြို့သည် အဖွံ့ဖြိုးအတိုးတက်ဆုံး၊ အလှပဆုံးမြို့များတွင် ပါဝင်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**ညီညာ ဖြောင့်တန်းလျက်ရှိသော ဥသျှစ်ပင်-ဘင်္ဂ ကျောက်ချောလမ်းကိုလည်း ဤသို့ တွေ့ခဲ့ရသည်။**



# တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား သံဖြူဇရပ်မြို့၌ ဂုဏ်ပြုဆုချီးမြှင့်

**သံဖြူဇရပ် ဩဂုတ် ၂၉**

သံဖြူဇရပ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သည့် စေတနာညကျောင်းတွင် ၂၀၀၉-၂၀၁၀ပညာသင်နှစ်အတွင်း သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဂုဏ်ပြုပွဲနှင့် စေတနာညကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စေတနာညကျောင်းသင် အထက်တန်း၊ အလယ်တန်းပြဆရာ ဆရာမများ၊ ပြင်ပမှသင်ကြားပေးသည့် ဆရာ ဆရာမများနှင့် ရပ်ကွက်ဥက္ကဋ္ဌများတက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး စေတနာညကျောင်းသင် ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်နှင့် ပံ့ပိုးအလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

## ဆုချီးမြှင့်

ထို့နောက် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်း**(အပေါ်ပုံ)**နှင့် အလှူရှင်များက စက်ဘီးတစ်စီးစီ ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃၀-၈-၂၀၁၀ (တနင်္လာနေ့ )**

**နံနက်ပိုင်း**

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ် |
| ၅း၁၅ | MRTV-4 သတင်း |
| ၆း၀၀ | **ဝိပဿနာအားထုတ်မှ စိတ်ချရ** တရားတော် [ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)] |
| ၆း၅၀ | ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော် |
| ၇း၀၀ | MRTV-4 သတင်း |
| ၇း၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၃) |
| ၈း၃၅ | Premier League Highlight |
| ၉း၀၀ | ဝေါမြို့နယ်အသင်း (ရန်ကုန်)၏ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ |
| ၉း၁၅ | Activities in the City (HAI HAI & GUN GUN ကလေးအာဟာရဖြည့် နို့မှုန့်မိတ်ဆက်ပွဲ) |
| ၉း၃၅ | Global Panorama |
| ၁၀း၅၅ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **အသည်းကွဲဒယ်ဒီ** |
| ၁၁း၂၅ | စုံညီအာဟာရပြည့်စုံရေး ကျောင်းကျန်းမာရေးလှုပ်ရှားပေး |
| ၁၁း၄၀ | International Show Biz |
| ၁၂း၀၀ | နေသားတကျ အရေပြားအလှ နူးညံ့စိုပြည်ဝင်းမွတ်တဲ့မျက်နှာ |
| ၁၂း၁၀ | 3D ကွဲကော |
| ၁၂း၂၅ | မြန်မာ့လက်မှုအနုလက်ရာစုံစွာ.... |
| ၁၂း၄၀ | Activities in the City (HAI HAI & GUN GUN ကလေးအာဟာရဖြည့် နို့မှုန့်မိတ်ဆက်ပွဲ) |
| ၁း၀၀ | **ဝိပဿနာအားထုတ်မှ စိတ်ချရ** တရားတော် [ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)] |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၄၅ | Celebrity Choice (မေစပယ်ညို) |
| ၃း၁၀ | စုံညီအာဟာရပြည့်စုံရေး ကျောင်းကျန်းမာရေးလှုပ်ရှားပေး |
| ၃း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၃) |
| ၄း၁၅ | ဝေါမြို့နယ်အသင်း(ရန်ကုန်)၏ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ |
| ၄း၃၀ | စာအုပ်ပြခန်း (သမီးဖတ်ဖို့ နှလုံးသားရှုမျှော်ခင်းများ စာအုပ်ရေးသားသူ ဆရာမောင်သာချို့နှင့် တွေ့ဆုံခြင်း) |
| ၅း၀၀ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **အသည်းကွဲဒယ်ဒီ** |
| ၅း၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | International Show Biz |
| ၆း၃၅ | အနုပညာမိုးကောင်းကင် |
| ၇း၀၀ | ရန်ကုန်မြင်ကွင်းကျယ် (East Point Shopping Centre မှစီစဉ်ကျင်းပသော Celebrity Look Alike ပြိုင်ပွဲ) |
| ၇း၁၅ | ဂီတသမားတို့ရဲ့ ရင်ခုန်သံများ Aung La (Reason) |
| ၇း၄၀ | တက္ကသိုလ်များ(ရန်ကုန်) လှေလှော်ပြိုင်ပွဲ |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | Celebrity Choice (မေစပယ်ညို) |
| ၉း၀၀ | အနုပညာမိုးကောင်းကင် |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၃) |
| ၁၀း၀၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀း၃၀ | နေသားတကျ အရေပြားအလှ နူးညံ့စိုပြည်ဝင်းမွတ်တဲ့မျက်နှာ |
| ၁၀း၄၀ | စာအုပ်ပြခန်း (သမီးဖတ်ဖို့ နှလုံးသားရှုမျှော်ခင်းများ စာအုပ်ရေးသားသူ ဆရာမောင်သာချို့နှင့် တွေ့ဆုံခြင်း) |
| ၁၁း၀၀ | ဂီတသမားတို့ရဲ့ရင်ခုန်သံများ Aung La (Reason) |
| ၁၁း၂၅ | **ကျန်ရစ်ခဲ့သောခြင်ထောင်လေး တစ်လုံး** ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ (ဒါရိုက်တာ-အကယ်ဒမီဆွေဇင်ထိုက်) |
| ၁၁း၃၅ | ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတ မြန်မာ့အက |
| ၁၁း၅၀ | စွမ်းအားစက်မှုအရင်းပြု စီမံဆောင်ရွက်နိုင်ငံ့အတွက် ထုတ်လုပ်နေတာမြန်မာ့တာယာ |
| ၁၂း၁၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



# ဝန်ကြီး ဦးသိန်းဇော် ရတနာပုံမြို့သစ်ရှိ ဆက်သွယ်ရေးစက်မှုအဆောက်အအုံ စစ်ဆေး

## စက်ပစ္စည်းများ အချိန်မီတပ်ဆင်ပြီးစီးရေး အထူးဂရုပြုဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဩဂုတ် ၂၉

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဩဂုတ် ၂၈ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီး ရတနာပုံမြို့သစ်ရှိ ဆက်သွယ်ရေးစက်မှုအဆောက်အအုံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ** (အပေါ်ပုံ) **တာဝန်ခံအင်ဂျင်နီယာက စက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် ရတနာပုံတယ်လီပို့ အဆောက်အအုံ၌ တပ်ဆင်ထားရှိသည့် SOFT SWITCH စက်ခန်းသို့ရောက်ရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက စက်များ တပ်ဆင်နေမှု၊ FTTH (Fibre to the Home) ဆောင်ရွက်မည့် အစီအမံနှင့် Triple Play Services များဖြစ်သည့် တယ်လီဖုန်း၊ အင်တာနက်နှင့် Cable TV များအား ဝန်ဆောင်မှုပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ အသစ်တပ်ဆင်နေသည့် အင်တာနက်အိတ်ချိန်းဖြစ်သည့် ရတနာပုံတယ်လီပို့ IXP သို့ ရောက်ရှိရာ တာဝန်ရှိသူများက အိတ်ချိန်းစက်ပစ္စည်းများ တပ်ဆင်နေမှုနှင့် DATA CENTER များ တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် ရတနာပုံ Web Portal စက်ခန်းတွင် စက်များ တပ်ဆင်နေမှုနှင့် Web Portal တွင် Application များ ထည့်သွင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ရှင်းလင်းတင်ပြမှုများအပေါ် စက်ပစ္စည်းများ အချိန်မီ တပ်ဆင်ပြီးစီးရေး၊ အဆင့်အတန်းမီစေရေးနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေး၊ ဆက်သွယ်မှုများ မပြတ်တောက်စေရေးအတွက် အထူးဂရုပြု ဆောင်ရွက်ရန် မှာကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် အစည်းအဝေးခန်းမ၌ တယ်လီပို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာ တက်ရောက်လာကြသူများ၏ မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ အလိုက် ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

---

● *ကျောဖုံးမှ*

*နိုင်ငံအနေဖြင့် အထူးဟိုက်ဒရောလစ်ကိရိယာကို ပြည်ပမှ မှာယူတင်သွင်းထားခဲ့ပြီဖြစ်သည်။ မိုင်းလုပ်သား ၃၃ဦး လောလောဆယ် ပိတ်မိနေမှုကို အကြောင်းပြု၍ မိုင်းလုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးကော်မရှင်တစ်ရပ်ကို ချီလီသမ္မတ စီဘာရှင်ပီနေးရားက ဖွဲ့စည်းပေးလိုက်သည်။*

*ပြိုကျသည့် သတ္တုမိုင်းအတွင်းရှိ နားခိုဆောင်တွင် "ကျွန်တော်တို့ ၃၃ယောက်စလုံး ကျန်းကျန်းမာမာရှိပါတယ်"ဆိုသည့် ပိတ်မိသူတွေဆီက ပြောစကားကို ကြားသိရသောအခါ ချီလီပြည်သူတို့မှာ ၁၇ရက်တိုင် စိတ်ဒုက္ခခံစားလျက် စောင့်မျှော်ခဲ့ရကျိုးနပ်ခဲ့သည်။ ချီလီသမ္မတ စီဘာရှင်ပီနေးရားမှာလည်း ဝမ်းသာပီတိဖြစ်လျက်ရှိသည်။*

#### *သံပြိုင်သီဆို*

*"အားလုံး ကျန်းမာပကတိရှိသည်ကိုသိရလို့ ချီလီပြည်သူအားလုံး ဝမ်းသာလွန်း၍ မျက်ရည်များတောင် လည်ကြရပါကြောင်း" သမ္မတ စီဘာရှင်ပီနေးရားက မြေအောက်၌ပိတ်မိနေသည့် မိုင်းလုပ်သားများထံ ပြန်ကြားလိုက်သည်။ ယင်းနောက် အာဏာပိုင်များနှင့် မိုင်းလုပ်သားများ၏ ဆွေမျိုး မိတ်ဆွေများက လက်ချင်းယှက်ကာ အနီးရှိ တောင်ကုန်းလေးပေါ်သို့တက်ပြီး အလံ ၃၃ခုကို စိုက်ထူလိုက်ကြသည်။ ယင်းနောက် ဩဂုတ် ၂၉ရက်က နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုခဲ့ကြသည်။*

*မြေအောက်ရေဖြင့် အသက်ဆက်နေကြရသည့် မိုင်းလုပ်သား ၃၃ဦးတို့ထံ ယခုအခါ ရေနှင့် ဂိုက်ခွာ ပို့နိုင်တော့မည်ဖြစ်သည်။ ချီလီနိုင်ငံသည် ကမ္ဘာ့ကြေးနီအများဆုံး တင်ပို့သည့်နိုင်ငံ ဖြစ်သည့်အပြင် ထိပ်တန်းရွှေထွက်သည့် နိုင်ငံလည်းဖြစ်သည်။ ။* ***ကိုးကား-အင်တာနက်***

---

## ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်းမြင့်မားလာခြင်း၊ ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာ ရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှစပါးစေ့နှင့် ပျိုးပင်ငယ်များ စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးခဲ့ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည် -

- လူနေအိမ်နှင့်စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊ အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

---

## ကမ်းရိုးတန်းဒေသများ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဩဂုတ် ၂၉

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**ဩဂုတ် ၃၀ရက် ညနေအထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

---

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

---

# Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ကျင်းပပြီးစီး

## မြို့တော်စည်ပင်ကလပ်အသင်း ဖလားဆွတ်ခူး

➢ သတင်းဆောင်းပါး - ဇင်လင်းထွန်း(ခနဖြူ) ➢ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၉

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ H & S Group နှင့် T & T Group တို့ ပူးပေါင်းစီစဉ်သည့် Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ၂၀၁၀ ဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၂၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပခဲ့ရာ ရွှေခါးပတ်ချန်ပီယံသစ် ခုနစ်ဦးပေါ်ထွက်ခဲ့ပြီး မြို့တော်စည်ပင် ရိုးရာလက်ဝှေ့ကလပ်က Royal Club တံခွန်စိုက်ဆုဖလားကို ရရှိသွားသည်။ ၎င်းပွဲများနှင့်အတူ ထည့်သွင်းကျင်းပသည့် အထူးစိန်ခေါ်ပွဲကြီးတွင် ရန်ကြီးအောင်(မြို့တော်စည်ပင်)နှင့် ရန်နိုင်အောင်(တောင်ကလေး)တို့ သရေပွဲဖြစ်သွားသည်။**

### အနိုင်ရရှိ

ယနေ့ပွဲစဉ်များကို အငယ်ဆုံးဝိတ်တန်းဖြစ်သော လိုက်ဖလိုင်းဝိတ်တန်းပွဲစဉ်ဖြင့် စတင်သည်။ ထိုပွဲစဉ်တွင် အောင်စစ်မင်း(မျိုးဆက်သစ်)က ထစ်ချုန်း(မိုးသောက်ကြယ်)ကို ၅မှတ်-၀ဖြင့် အနိုင်ရရှိသွားသည်။ နောက်ပိုင်းအချီများတွင် အောင်စစ်မင်းက ဒိုင်လူကြီးငါးဦးလုံး သဘောကျအောင် ထိုးသတ်နိုင်ခဲ့သည်။

ဖလိုင်းဝိတ်တန်းတွင် စောသဲမင်း(မိုးသောက်ကြယ်)က ခိုင်လင်းဦး(တောင်ကလေး)ကို ၅မှတ်-၀ဖြင့် အနိုင်ရရှိကာ ရွှေခါးပတ်ချန်ပီယံဘွဲ့ ခံယူနိုင်သည်။

ဘင်တန်ဝိတ်တန်းတွင် ဝင်းတင်(ရွှေကုက္ကို)က ချစ်အောင် (မိုးမင်းမောင်)ကို ပထမအချီ ၁မိနစ် ၁၆စက္ကန့်တွင် အလဲထိုး၍ ရွှေခါးပတ်ကို ရယူရင်း ယခုပြိုင်ပွဲ၏ ပွဲသိမ်းအမြန်ဆုံးစံချိန်ကိုပါ တင်လိုက်သည်။

ဖယ်သာဝိတ်တန်းရွှေခါးပတ်ကို အပြိုင်လုကြသော သားသား(T&T)နှင့် စောအုန်းမြင့်(မြို့တော်စည်ပင်)တို့ပွဲက အမှတ်ပေးဒိုင်များ ဆုံးဖြတ်ရခက်သကဲ့သို့ ပရိသတ်များအကြား၌လည်း ဒွိဟပွားစရာ ဖြစ်ခဲ့သည်။ ပွဲပြီးသောအခါ စောအုန်းမြင့်က အမှတ်ပေးဒိုင်တစ်ဦး အသာ ၃-၂ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

### ဘယ်ဒူးဖြင့်ပွဲသိမ်းခံ

လိုက်ဝိတ်တန်းတွင် နာမည်ကျော် စိုးလင်းဦး(တောင်ကလေး)ကို ကညောထူး(ရွှေကုက္ကို)က ဒုတိယအချီအထိ ခံထိုးနိုင်သေးသော်လည်း တတိယအချီတွင် ထောင့်ပိတ်အထိုးခံရပြီး စတုတ္ထအချီ ၄၈စက္ကန့်တွင် အပိုင်ချုပ်၍ဆင့်တိုက်သော ဘယ်ဒူးဖြင့် ပွဲသိမ်းခံလိုက်ရသည်။

ထို့နောက် အထူးစိန်ခေါ်ပွဲကို ကြားဖြတ် ကျင်းပသည်။ ပထမအချီတွင် ရန်ကြီးအောင်၏ ဘယ်ထောက်ညာဖြောင့် လက်သီးကြောင့် ရန်နိုင်အောင် ထိုင်ကျသကဲ့သို့ ရန်နိုင်အောင်၏ ညာဖြောင့်ကြောင့်လည်း ရန်ကြီးအောင် ထိုင်ကျသေးသည်။ နောက်ဆုံးတွင် သရေပွဲ ဖြစ်သွားရသည်။

### လိုက်ဝယ်လ်တာဝိတ်တန်း

လိုက်ဝယ်လ်တာဝိတ်တန်းမှ မိုက်တိုင်စန်(မြို့တော်စည်ပင်)နှင့် ရွှေသိန်းအောင်(ဖလုံပညာတဝေါင့်)တို့ပွဲတွင် မိုက်တိုင်စန်က ပါးပါးနပ်နပ် အမှတ်ယူတတ်သည့်အတွက် ၅မှတ်-၀ဖြင့် အနိုင်ရရှိကာ ရွှေခါးပတ်ချန်ပီယံဘွဲ့ ခံယူသွားသည်။

ဝယ်လ်တာဝိတ်တန်းတွင် ဝါရင့်ရွှေမင်းရာဇာ (တောင်ကလေး) ၏ လေးလံမှုကို လုံးချောလေး (ရက္ခဇ္ဈာလ)က လက်သီး အနုတ်အသိမ်း သွက်သွက်ဖြင့် ၅မှတ်-၀ ဖြစ်အောင် နိုက်ယူကာ ချန်ပီယံဘွဲ့ ခံယူသွားသည်။

### ချီးမြှင့်ပေး

ပြိုင်ပွဲတွင် ရွှေခါးပတ် ရရှိသူများနှင့် ဒုတိယဆုဖလားရရှိသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် **(အောက်ပုံ)**၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်နှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးကြသည်။ ခွန်ပအိုဝ်ကျောက်မျက်ရတနာ လုပ်ငန်းမှ ဦးခွန်မြတ်ကလည်း ပွဲစဉ်တိုင်း၌ ရွှေခါးပတ်ရရှိသူ ကျပ်တစ်သိန်း၊ ဒုတိယရသူ ကျပ် ငါးသောင်း ထပ်ဆောင်းချီးမြှင့်ပေးပြီး နောက်ဆုံးပွဲစဉ်တွင် နိုင် နှစ်သိန်း၊ ရှုံး တစ်သိန်း ချီးမြှင့်ပေးသည်။ ။ **(မြန်မာ့အလင်း)**





## ရွှေကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ကျောက်မဲ၌ဖွင့်

**ကျောက်မဲ ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော ရွှေကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၉ရက်က ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းဝင်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းပို့ချ**

ဆက်လက်ပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရွှေကောက်ပွဲဆိုင်ရာ နည်းဥပဒေများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော ဦးမောင်မောင်သွင်နှင့် ဒေါ်နန်းခင်အုန်းပွင့်တို့က ရှင်းလင်းပို့ချကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် သင်တန်းသား သင်တန်းသူများ၏ ပြန်လည်မေးမြန်းဆွေးနွေးချက်များအပေါ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင့်အောင်က ပြန်လည်ရှင်းလင်းဖြေကြားကာ မဲရုံနမူနာ သရုပ်ပြသခြင်းကို တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများက ကြည့်ရှုလေ့လာကြသည်။ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း**

## တောရက်စ်၏ဂိုးဖြင့် လီဗာပူးသုံးမှတ်ရ
## ဆန်းဒါးလန်းအိမ်ကွင်း၌ မန်စီးတီးရှုံးပွဲကြုံ

**မြင့်မောင်စိုး-စုစည်းသည်**

**လန်ဒန် ဩဂုတ် ၂၉**

ပရီမီယာလိဂ်ပွဲစဉ်(၃) လက်ကျန်ပွဲစဉ်များကို ဩဂုတ် ၂၉ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘော်လ်တန်အသင်းက အိမ်ကွင်း၌ ဘာမင်ဂမ်အသင်းကို နောက်မှ ချေပဂိုးများ လိုက်သွင်းယူခဲ့သည်။

ပွဲစပြီး လေးမိနစ်အကြာ ဂျွန်ဆင်က ဘာမင်ဂမ်အသင်းအတွက် အဖွင့်ဂိုး သွင်းယူခဲ့သည်။ ယင်းနောက် ဒုတိယပိုင်း ပြန်စပြီး ၁၀မိနစ်အကြာ ဂတ်တနာက ဘာမင်ဂမ်အသင်းအတွက် ဒုတိယဂိုး သွင်းယူပေးနိုင်ခဲ့သည်။

အိမ်ရှင် ဘော်လ်တန်က ချေပဂိုးသွင်းနိုင်ရေး တန်ပြန်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၇၁မိနစ်တွင် ဒါဗီးစ်က ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန်၈၁မိနစ်တွင် ဘလိတ်က ဘော်လ်တန်အသင်းအတွက် ဒုတိယမြောက် ချေပဂိုး သွင်းယူခဲ့သဖြင့် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။

**လီဗာပူးနိုင်**

အိမ်ရှင်လီဗာပူးတို့ ဝက်စ်ဘရွန်းကို အကြိတ်အနယ်ကစားခဲ့သော်လည်း ပထမပိုင်းပွဲပြီးသည်အထိ ဂိုးမသွင်းနိုင်ခဲ့ပေ။ ပွဲချိန် ၆၅မိနစ်တွင် တိုက်စစ်မှူး တောရက်စ်က လီဗာပူးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

**မန်စီးတီး**

မန်စီးတီးတို့ ဆန်းဒါးလန်း အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ ပုံမှန်ကစားချိန် မိနစ် ၉၀အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ပေ။

လေလွင့်ချိန် လေးမိနစ်တွင် ဆန်းဒါးလန်းတို့ ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို ဒါရင်ဘင့် သွင်းယူခဲ့သဖြင့် မန်စီးတီးတို့ မမျှော်လင့်ဘဲ ရှုံးနိမ့်ခဲ့ရသည်။ **(အင်တာနက်)**



**လီဗာပူးတိုက်စစ်မှူး တောရက်စ်(ယာ)၏ ဂိုးရရှိရေး ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။**

# ကျန်းမာခြင်းနှင့်ပြည့်စုံဖို့ သွားနှင့်ခံတွင်းကျန်းမာရေးကို ဂရုစိုက်ကြစို့

**ဒေါက်တာလေးအောင် (သံတွဲ)**

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် ယင်းနိုင်ငံသူ၊ နိုင်ငံသားတို့၏ ကျန်းမာကြံ့ခိုင်စွာ ရှိနေမှုနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိပါသည်။ မြန်မာ့လူ့ဘောင်တွင် **အာရောဂျ၊ ပရမံ၊ လာဘံ**ဟူသည် ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည်ကို လူတိုင်းလက်ခံပြီးဖြစ်ပေသည်။ ဘက်စုံဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်အဖြစ် ကြိုးပမ်းဖော်ဆောင်ရာတွင် ကျန်းမာကြံ့ခိုင်မှုရှိသော လူသားအရင်းအမြစ်များ ရှိမှသာလျှင် အောင်မြင်နိုင်မည် ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကျန်းမာခြင်းဟူသည်ကို **“ရောဂါဘယကင်းရှင်းနေပြီး၊ ကိုယ်လက်အင်္ဂါ မသန် စွမ်းမှု မရှိရုံမျှနှင့် မလုံလောက်သေးဘဲ ကိုယ်စိတ်ခန္ဓာနှစ်ပါးလုံး ကျန်းမာချမ်းသာနေပြီးလူမှုဒုက္ခအပေါင်းမှ ကင်းဝေးလျက်နေနိုင်မှသာ ပြီးပြည့်စုံသည့် ကျန်းမာခြင်းဖြစ်သည်”**ဟု အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။

ပြည်သူလူထုအပေါင်း ပြည့်စုံသည့်ကျန်းမာရေးသုခ ခံစားရရှိလာနိုင်စေရန် နိုင်ငံတော်က ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ကုသရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ရေး လုပ်ငန်းများကို နှစ်တို၊ နှစ်ရှည် ကျန်းမာရေးစီမံချက်၊ စီမံကိန်းများရေးဆွဲလျက် ဆောင်ရွက်ပေးနေသည်။ မိမိအကျိုး၊ အများအကျိုး၊ တိုင်းပြည်အကျိုးသယ်ပိုး ထမ်းဆောင်နိုင်ရေးအတွက် ကျန်းမာရေးကောင်းမွန်ရန်လိုသဖြင့် ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုဖြစ်သော သွားနှင့်ခံတွင်း ကျန်းမာခြင်းသည်လည်း အရေးကြီးအခန်းကဏ္ဍ တစ်ခုအဖြစ် တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိပါသည်။

သွားနှင့်ခံတွင်း ရောဂါများဖြစ်ရခြင်းကြောင့် ဆက်နွယ်ဖြစ်လာရသော နောက်ဆက်တွဲ ဆိုးကျိုးရလဒ်များမှာ အလွန်များပြားပါသည်။ မခံမရပ်နိုင်အောင် နာကျင်မှုဝေဒနာကို ခံစားရခြင်း၊ အစားပျက်၊ အအိပ်ပျက်၊ အလုပ်အကိုင်ပျက်ဖြစ်ရခြင်း၊ ဆေးရုံဆေးခန်းသို့ ပြသရန်လိုသဖြင့် အချိန်ကုန်၊ ငွေကြေးကုန်ကျရခြင်း၊ သွားနုတ်ဆုံးရှုံးရသဖြင့် သွားတုအစားစိုက်ရန် လိုလာ၍ သွားတုတပ်ဆင်ရသော ကရိကထဒုက္ခများ ဖြစ်ရခြင်း၊ ခံတွင်းကင်ဆာ အနာများကြောင့် အသက်အန္တရာယ်အထိ ဖြစ်ရခြင်း၊ သွားနှင့်ခံတွင်းရောဂါများမှတစ်ဆင့် အခြားရောဂါများကိုဖြစ်လာစေနိုင်ခြင်း၊ ခံတွင်းရှိ ပိုးမွှားများ သွေးထဲသို့ပျံ့နှံ့ဝင်ရောက်မှုကြောင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ ဖြစ်လာနိုင်ခြင်းနှင့် ခန္ဓာကိုယ်ရှိ တချို့ရောဂါများနှင့် သွားရောဂါများ တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်နွယ်၍ ရောဂါများကို ပိုမိုဆိုးရွားလာစေနိုင်ခြင်း စသည်တို့ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် သွားနှင့်ခံတွင်းရောဂါဖြစ်နေသူအဖို့ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခတို့နှင့် ပြည့်စုံသောကျန်းမာခြင်း ရရှိနေထိုင်ရန် မဖြစ်နိုင်တော့ပေ။ ပကတိကျန်းမာခြင်းနှင့် ပြည့်စုံနေရန် သွားနှင့်ခံတွင်းကျန်းမာခြင်းသည်လည်း အဓိကကဏ္ဍတစ်ခုအဖြစ် ပါဝင်နေရပေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တစ်ကမ္ဘာလုံးအတွက် အလိုအပ်ဆုံး အခြေအနေဖြစ်နေသော ရောဂါတစ်ခုစီကို အလေးထား၍ ရောဂါဖြစ်ခြင်းမှ ကာကွယ်ရန် ထိုရောဂါ၏ ကျန်းမာရေးစောင့်ရှောက်မှုအား ပိုမို၍ မြှင့်တင်ရန် ရည်ရွယ်ကာ နိုင်ငံအသီးသီးကလိုက်နာပြီး ဦးစားပေးဆောင်ရွက်နိုင်ရန် ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ထားသော ဧပြီလ ၇ ရက်နေ့ ရောက်တိုင်း ကျန်းမာရေးဆောင်ပုဒ်တစ်ခုစီကို နှစ်စဉ်ထုတ်ပြန်နှိုးဆော်လျက်ရှိပါသည်။ ယင်းတို့အနက် ၁၉၉၄ခုနှစ်တွင် သွားနှင့်ခံတွင်း ကျန်းမာရေးကို ပိုမိုအလေးထား ဆောင်ရွက်နိုင်စေရန် “သွားနှင့်ခံတွင်း ရောဂါကင်း၊ သင်၏ ကျန်းမာခြင်း” "Oral Health for Healthy life" ဟူ၍ ဆောင်ပုဒ်တစ်ခုကို ထုတ်ပြန်ခဲ့ပေသည်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း ဘက်စုံကျန်းမာနေစေရန် ဦးတည်ချက်ထားပြီး သွားနှင့်ခံတွင်းရောဂါများ ကင်းစင်စေအောင် ရေတို၊ ရေရှည် ကျန်းမာရေးဦးတည်ချက်များကိုသတ်မှတ်၍ တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။

WHO ညွှန်ကြားရေးမှူးချုပ်က နိုင်ငံအသီးသီးတွင် သွားနှင့်ခံတွင်း ရောဂါများ ဖြစ်ပွားမှုနှုန်းမှာတရိပ်ရိပ်တိုးပွားလျက်ရှိနေသော်လည်း အသက်အန္တရာယ်ကို တိုက်ရိုက်ခြိမ်းခြောက်မှုမရှိ၍ နိုင်ငံတကာတွင် ကျန်းမာရေးဆိုင်ရာ မူဝါဒများချမှတ်ရာ၌ သွားနှင့်ခံတွင်းကျန်းမာရေးမှာ အလေးထား ဆောင်ရွက်ခံရခြင်းမရှိသော ကျန်းမာရေးကိစ္စတစ်ခု ဖြစ်နေသည်ဟု ထောက်ပြခဲ့ပါသည်။

ယခုအခါ သုတေသီများ၏ ထပ်ဆင့်တွေ့ရှိချက်များက သွားနှင့်ခံတွင်း ရောဂါများသည် တခြားရောဂါများကိုပါ ဖြစ်လာစေသော အရင်းအမြစ်ဖြစ်ကြောင်းကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် သွားဖုံးရောဂါကိုဖြစ်စေသော ပိုးမွှားများကြောင့် နှလုံးသွေးကြောကျဉ်းပြဿနာဖြစ်ရသည်ကို တွေ့ရှိရ၏။ အမေရိကန် နှလုံးဆရာဝန်အသင်းက နှလုံးရောဂါဖြစ်စေသော အချက်အလက်များထဲတွင် သွားဖုံးရောဂါဖြစ်နေခြင်းကိုပါ ဖြစ်စေနိုင်သော အကြောင်းတစ်ခုအဖြစ် ထည့်သွင်းခဲ့ပါသည်။

ပြီးခဲ့သော အကြိမ်(၃၀)မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံတွင်လည်း လူတိုင်းကျန်းမာရေးနှင့် ပြည့်စုံနေရန် သွားနှင့်ခံတွင်း ကျန်းမာရေးကောင်းမွန်နေရန်လိုကြောင်းကို “သွားနှင့် ခံတွင်း ကျန်းမာခြင်းရှိမှ ကျန်းမာခြင်းနှင့် ပြည့်စုံ” “Achieving Overall Health Through Oral Health” ဟူသော ဆောင်ပုဒ်တစ်ခုကို မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌက အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားကာ သွားနှင့်ခံတွင်း ဆရာဝန်များအား အသိပေးနှိုးဆော်ခဲ့ပါသည်။

မြန်မာနိုင်ငံ လူဦးရေနှင့် သွားနှင့်ခံတွင်းဆရာဝန်ဦးရေအချိုးအစားမှာ အခြားအိမ်နီးချင်းနိုင်ငံများနှင့်စာလျှင်များစွာကွာခြားလျက်ရှိနေသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံတွင်သွားနှင့်ခံတွင်းဆရာဝန်တစ်ဦး၌ လူဦးရေ သုံးသောင်းနီးပါးခန့်မျှ အချိုးအစားရှိနေသဖြင့် သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက် ကုသမှုအတွက် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေသေးပါသည်။ အရှေ့တောင်အာရှအိမ်နီးချင်းနိုင်ငံများတွင် သွားဆရာဝန်တစ်ဦးလျှင် လူဦးရေ ခြောက်ထောင် ပတ်ဝန်းကျင်အချိုးအစားသာ ရှိနေကြောင်း သိရသည်။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး မြို့ပေါ်တွင်သာ သွားနှင့်ခံတွင်း ဆရာဝန် အများစုမှာ ရှိနေကြသဖြင့် ကျေးလက်နေလူဦးရေနှင့် သွားနှင့်ခံတွင်း ဆရာဝန် အချိုးအစားမှာ ပိုမို၍ပင် ကွာဟနေပါသည်။ ထို့ကြောင့် သွားနှင့်ခံတွင်း ဆရာဝန်ဦးရေနှုန်းနှင့် တာဝန်ယူရမည့် လူဦးရေအချိုးအစား မမျှတဖြစ်နေသဖြင့် သွားနှင့်ခံတွင်းရောဂါဖြစ်မှ ကုသရခြင်းထက် မဖြစ်လာမီကပင် ကြိုတင်၍ ကာကွယ်နိုင်အောင် သွားနှင့်ခံတွင်း အသိပညာပေးလုပ်ငန်းများ ပိုမို၍ ဖောင်းပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မှသာ သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်ရှိ ပြည်သူလူထုတစ်ရပ်လုံး သွားနှင့်ခံတွင်းရောဂါများမှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါသည်။

သွားနှင့်ခံတွင်း ကျန်းမာရေး အသိပညာပေးရခြင်း၏ ရည်ရွယ်ချက်မှာ ထိုရောဂါများမှ ကင်းဝေးအောင် လူတစ်ဦးချင်းစီ၌ ဘဝတစ်သက်တာလုံး သွားနှင့်ခံတွင်း ကျန်းမာရေးကောင်းမွန်နေစေရေးအတွက် စိတ်လိုလက်ရ လိုက်နာဆောင်ရွက်သင့်သော ကာကွယ်မှုအသိပညာများကို ပေးခြင်းပင်ဖြစ်သည်။

အမျိုးအစားသုံးမျိုးခွဲ၍ ရည်ရွယ်ချက်ကို အဆင့်သုံးဆင့်ထားကာ အကောင်အထည်ဖော်သင့်ပါသည်-

(၁) ပထမအဆင့်အဖြစ်- ရောဂါမဖြစ်သေးသောသူများကို ရောဂါဖြစ်မလာအောင် ဆောင်ရွက်နိုင်ရန် ပညာပေးခြင်း၊

(၂) ဒုတိယအဆင့်အဖြစ် - ကြိုတင်စစ်ဆေး၍ ကုသမှုပြုလုပ်ခြင်းဖြင့် ရောဂါဖြစ်စ လူနာများအား ရောဂါရပ်တန့်စေခြင်းနှင့်ရောဂါဆက်လက်ဆိုးရွားမှုမဖြစ်စေရန် ပြုလုပ်ပေးခြင်း၊

(၃) တတိယအဆင့်အဖြစ်- သွားနှင့်ခံတွင်း ရောဂါများအား ကုသပေးခြင်း၊ ပြန်လည်မဖြစ်အောင် ကာကွယ်ပညာပေးခြင်း

စသည်တို့ကို လုပ်ပေးနိုင်ပါသည်။

ကျန်းမာရေးအသိပညာပေးရာတွင်အသိပညာပေးရမည့် အချက်အလက်များနည်းတူ ပညာပေးဖြန့်ဝေပုံ နည်းစနစ်မှာလည်း အရေးကြီးပါသည်။ နိုင်ငံအဝန်းရှိသည့် လူအများသိနိုင်စေရန်အတွက် သွားနှင့်ခံတွင်း ဆရာဝန်များဖြင့်သာ လုပ်ရုံမျှဖြင့် မဖြစ်နိုင်၊ ပညာပေးနိုင်သူ၊ လုပ်နိုင်သူ အများအပြား လိုအပ်ပါသည်။ အစိုးရ၊ ပုဂ္ဂလိက ကျန်းမာရေးဆိုင်ရာဝန်ထမ်းအဆင့်ဆင့်များ အဓိက ပါဝင်ရန်လိုအပ်သည်။ ဆရာဝန်များ၊ လ/ထ ကျန်းမာရေးမှူးများ၊ သူနာပြုများ၊ ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများ၊ ဘက်စုံကျန်းမာရေးဝန်ထမ်းများ၊ လူထုကျန်းမာရေး လုပ်သားများနှင့် အရန်သားဖွား ဆရာမများ စသည်တို့ကို ပညာပေးခြင်း လုပ်ဆောင်နိုင်အောင် လေ့ကျင့်ပေးသင့်ပါသည်။

သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးခြင်းများကို နည်းလမ်းသုံးသွယ်ဖြင့် ပေးနိုင်ပါသည်-

**၁။ သတင်းမီဒီယာများမှ နှိုးဆော်အသိပေးခြင်း**
ရေဒီယို၊ တယ်လီဗေးရှင်း၊ သတင်းစာ၊ ဂျာနယ်စာစောင်၊ မဂ္ဂဇင်းများ၊ ဌာနတွင်း၊ ကျောင်းတွင်း နံရံကပ်စာစောင်များ စသည်တို့ဖြင့် အသိပညာပေးခြင်း။

**၂။ လူထုကျန်းမာရေးစီမံချက်များဖြင့်ဆောင်ရွက်ခြင်း**
ကျောင်းကျန်းမာရေးစီမံချက်၊ မိခင်နှင့်ကလေး ကျန်းမာရေးစီမံချက်များ၊ ကျောင်းများ၊ ဌာနဆိုင်ရာများ၊ စက်ရုံ အလုပ်ရုံများတွင် ကျန်းမာရေး အခမ်းအနားများ လုပ်ရာတွင် ပညာပေးဟောပြောချက်များ ပြုလုပ်ခြင်းနှင့် စစ်ဆေးကုသမှုများ ပြုလုပ်ခြင်း။

**၃။ တစ်ဦးချင်းအား အသိပညာပေးခြင်း**
အစိုးရ၊ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများသို့ လာပြသည့် လူနာနှင့် လူနာစောင့် အဖော်များအား ဆရာဝန်၊ ဆရာမနှင့် ကျန်းမာရေး ဝန်ထမ်းများက အသိပညာပေးခြင်း၊ ကျေးလက်တွင် ကျေးလက်ကျန်းမာရေးဝန်ထမ်းများက အသိပညာပေးခြင်း၊ ကျောင်းများတွင် ကျောင်းဆရာ၊ ဆရာမများက ပညာပေးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

တစ်ဦးချင်းပညာပေးခြင်းမှာ အလွန်ထိရောက်မှုရှိကြောင်း တွေ့ရသည်။ ကျန်းမာရေးအသိပညာပေးရာတွင် နားလည်လွယ်ကူသော အသုံးအနှုန်း စကားလုံးများကို သုံးသင့်ပါသည်။ အကြိမ်ကြိမ် ထပ်တလဲလဲ ပြောခြင်းက လက်ခံလုပ်ဆောင်ရန် အကျိုးဖြစ်စေသည်။ နားရှုပ်ထွေးနိုင်သောစကားကို ရှောင်ပြီး တိုတုတ်ရှင်းလင်းစွာ ပြောရန် လိုအပ်ပါသည်။ ရှင်းလင်းလွယ်ကူ မှတ်သားရသည့် ကျန်းမာရေးအသိပညာပေးများကို တစ်ဦးမှတစ်ဦးသို့ လက်ဆင့်ကမ်း ပြောဆိုကြသဖြင့် ကျန်းမာရေး အသိပညာရှိသူများ တဖြည်းဖြည်း တိုးပွား၍ လာမည်ဖြစ်ပါသည်။

သွားရောဂါကို ကြိုတင်စစ်ဆေးကုသမှုခံယူစေရန် အသိပညာပေးရာတွင် အတားအဆီးဖြစ်နေသည့် အဓိက အကြောင်းနှစ်ခုကို တွေ့ရပါသည်။

**၁။ သွားနှင့်ခံတွင်းဆေးခန်းသို့ပြသရန် ကြောက်ရွံ့စိုးရိမ်ခြင်း**
ဆေးရုံဆေးခန်းတွင် ဆရာဝန်အပါအဝင်ဆရာမများ၊ တာဝန်ကျ ဝန်ထမ်းများအချို့၏ ဆက်ဆံမှုကြောင့်လည်းကောင်း၊ ရောဂါကူးစက်ခံရမည်ကို ကြောက်ရွံ့စိုးရိမ်ခြင်းကြောင့်လည်းကောင်း၊ သွားကုသမှုတွင် သုံးရသည့် ပစ္စည်းကိရိယာများ၏ ဟိတ်ဟန် အသွင်အပြင်များ၊ ဆူညံသံများကြောင့်လည်းကောင်း၊ ကုသမှုခံယူနေသည့် လူနာအချို့၏ အကြောက်လွန် အမူအရာ၊ အပြုအမူတို့ကို မြင်ရ၍ လည်းကောင်း၊ လူအများကြိုတင်စစ်ဆေးကုသမှု ခံယူမှု ပျက်ကွက်ခြင်း၊ ချိန်းဆိုရက်၌ ပြန်မလာခြင်းများကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ဆရာဝန်များ၊ အထောက်အကူပြု ဝန်ထမ်းများက လူနာများအပေါ် စိတ်ရှည်သည်းခံ အကြံပြုကုသပေးသင့်ပါသည်။

**၂။ ဆေးခန်းပြ ကုန်ကျစရိတ်စက**
နိုင်ငံတကာတွင်လည်း သွားကုသမှုစရိတ် မြင့်မားမှု ပြဿနာရှိပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ သွားကုသမှုစရိတ်မှာ နိုင်ငံတကာနှင့်နှိုင်းယှဉ်ပါက အလွန်ပင်ဈေးသက်သာသော်လည်း အများကဈေးကြီးသည်ဟူ၍ ထင်မှတ်သောပြဿနာ ရှိနေပါသည်။ ဤသို့ထင်မြင်မှု ဖြစ်ရခြင်းတွင် အကြောင်းနှစ်ခုကို တွေ့ရပါသည်။ လူအများစုတွင် ဝင်ငွေနည်းပါးခြင်းကြောင့် လည်းကောင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးကို အလေးထားဂရုပြု တန်ဖိုးထားတတ်သော အသိနည်းပါးမှုကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ သွားနှင့်ခံတွင်း ဆရာဝန်များကလည်း လာပြသူလူနာတို့၏ ငွေကြေးသုံးစွဲနိုင်မှုကို ကြည့်ရှုကာ ထိုလူနာအတွက် သင့်လျော်သည့်တန်ဖိုးနည်းဝန်ပါ ကုသချက်များကို ကြိုတင်ရှင်းပြဆွေးနွေးကာ လုပ်ဆောင်ပေးသင့်ပါသည်။ လူတိုင်းသိသင့်ပြီး လိုက်နာဆောင်ရွက်သင့်သော ကျန်းမာရေးအသိပညာများမှာ အောက်ပါအချက်များဖြစ်ပါသည်-

၁။ သွားပိုးစားရောဂါနှင့် သွားဖုံးရောဂါများကို အလွယ်တကူဖြစ်စေနိုင်သော “ချိုစေးကပ်” အစာများ လျှော့စားသင့်ပါသည်။ အစာစားပြီးတိုင်း တွယ်ကပ်နေသည့် အစာအညှိများ စင်ကြယ်သွားအောင် သုံးကြိမ်ထက်မနည်း ရေဖြင့် ပလုတ်ကျင်းသင့်ပါသည်။

၂။ စနစ်မှန်၊ နည်းမှန်၊ အချိန်မှန် တစ်နေ့လျှင် နံနက်စာ စားပြီး တစ်ကြိမ်၊ အိပ်ရာမဝင်မီတစ်ကြိမ်၊ ပေါင်းနှစ်ကြိမ် သွားတိုက်သင့်သည်။

၃။ နူးညံ့ပျော့ပျောင်းသောအမျှင်ရှိ သွားပွတ်တံနှင့် ဖလိုရိုက်ပါ သွားတိုက်ဆေးသုံးကာ သွားဖုံးသားအစပ်မှစ၍ ဖြည်းဖြည်းသာသာ သွားကိုတိုက်ရမည်။ လျှာကို ညင်သာစွာ တိုက်ရမည်။ သွားကြားညပ်အစာများ စင်သွားအောင် သွားကြား ပွတ်ကြိုးကို တစ်နေ့တစ်ကြိမ် အသုံးပြုသင့်သည်။

၄။ (၆)လတစ်ကြိမ် သွားနှင့်ခံတွင်း ဆရာဝန်ထံတွင် ပြသစစ်ဆေးမှုခံယူကာ ကြိုတင်ကာကွယ်ကုသမှုကို လုပ်သင့်သည်။

သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာများတိုးပွား၍ သွားနှင့်ခံတွင်း ရောဂါများမှ ကင်းစင်ကာ ကျန်းမာခြင်းပြည့်စုံသည့် လူနေမှုဘဝများရှိနေစေရန် စေတနာကောင်းဖြင့် တင်ပြအပ်ပါသည်။ ။

*ရွှေဖုံးမှ*

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မိုးစပါး စိုက်ဧက ၇၅၃၃၃ နှင့် နွေစပါး စိုက်ဧက ၅၂၀၀၀ ရှိကြောင်း သိရသည်။ ပွင့်ဖြူမြို့နယ် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဦးစီးမှူးဦးချစ်လှိုင်က လျှပ်စစ်ရေတင်စက်ဖြင့် စိုက်ပျိုးရေပေးဝေပုံကို တွေ့ဆုံရှင်းပြရာတွင် "မဲဇလီ၊ အိုင်းမ၊ လင်းဇင်းဆည်ကြီးများမှ စိုက်ဧက ၆၀၈၇၇ အတွက် ဆည်ရေများပေးပြီး လျှပ်စစ်ရေတင်စီမံကိန်းလေးခုဖြစ်သော ရွာသာကြီး၊ ကျောင်းကုန်းကြီး၊ ရေပုတ်ကလေး၊ ဘုရားကုန်းတို့မှ လယ်မြေဧက ၁၁၀၀ ကို စိုက်ပျိုးရေပေးဝေပါကြောင်း၊ အဆိုပါ လယ်မြေများမှာ ယခင်က ရေမရှိသဖြင့် ကုန်းခြောက်၍ စပါးစိုက်ပျိုးမရသော ယာမြေများဖြစ်ပြီး ယခုအခါ မုန်းချောင်းမကြီးမှ စီးဆင်းလာ သောရေများကို တောင်ဘက်မုန်း၊ မြောက်ဘက် မုန်းမြောင်းမကြီးများမှတစ်ဆင့် လက်တံမြောင်းများ ခွဲထွက်ကာ ၄င်းမှ ရေကို လျှပ်စစ်ဖြင့် ရေတင်ပြီး စိုက်ပျိုးရေပေးဝေနေပြီ ဖြစ်ကြောင်း၊ လျှပ်စစ်ရေတင်ကို ၂၀၀၇-၂၀၀၈ ခုနှစ်မှ စတင် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း" ရှင်းပြသည်။



"အရင်က စပါးမစိုက်ပျိုးနိုင်သော လယ်မြေများကို ယခု လျှပ်စစ်ရေတင်ဖြင့် စိုက်ပျိုးနိုင်ပါပြီ။"

ဦးချစ်လှိုင်
ဦးစီးမှူး
ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန



ဘုရားကုန်းကျေးရွာ လျှပ်စစ်ရေတင်လုပ်ငန်းမှ လယ်မြေဧက ၁၀၀သို့ စိုက်ပျိုးရေများ ထုတ်လွှတ်ပေးနေစဉ်။

ရွာသွန်းသောမိုးရေကို ရသလောက် လှောင်ထားကာ စိုက်ပျိုးရေပေးဝေသည့် ဆည်ငယ်၊ ကန်ငယ်များအကြောင်း ဆက်လက်ရှင်းပြရာ "ဆင်လူးကျေးရွာအနီးရှိ ကျောက်ဝက်ပေါက် ဆည်ငယ်၊ ချောင်းဆုံကျေးရွာအနီးရှိ ချောင်းဆုံဆည်ငယ်၊ လက်ယက်ကျေးရွာအနီးရှိ ကိုရင်ကြီးကန်ငယ်တို့မှလည်း လယ်မြေ ၃၈၂ ဧကကို စိုက်ပျိုးရေပေးဝေနေပါကြောင်း၊ နောက်တစ်နည်းက မြေအောက်ရေကို ရေစုပ်စက်ဖြင့်စုပ်ယူကာ လယ်မြေ ၈၂၅ ဧက စိုက်ပျိုးထားပါကြောင်း၊ မိုးနည်းဒေသဖြစ်သောကြောင့် မြေအမျိုးအစားအလိုက် ရေသောက်နည်းလမ်း ပြောင်းလဲဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း"ဖြင့်ရှင်းပြသည်။

## ပြောကြား

ပွင့်ဖြူမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်အေးက "မိုးရွာ သွန်းမှုနည်းပါး၍ စိုက်ပျိုးရေ အခက်အခဲမရှိအောင် ရေရရှိရေး နည်းလမ်း (၅)သွယ်ဖြင့် ဆောင်ရွက်ပေးထားမှုကြောင့်၂၀၀၉-၂၀၁၀ခုနှစ်တွင် နွေစပါး စိုက်ဧက ၅၄၁၁၉ ဧက လျာထားသော်လည်း အမှန်စိုက်ဧက ၅၄၁၂၅ ဧက ဖြစ်ခဲ့ကြောင်း၊ တိုးတက်မှုမှာ စိုက်ပျိုးရေ သေချာ၍ပင်ဖြစ်ကြောင်း"ဟု ပြောကြားသည်။

## ဖွံ့ဖြိုးတိုးတက်

စပါးခွံလောင်စာသုံး ဓာတ်ငွေ့ဖြင့် မြင်းကောင်ရေ ၁၀၂ ကောင် ဒိုင်နမိုကို လည်ပတ်ပြီး ၆လက်မ ရေစုပ်စက်သုံးလုံးဖြင့် လျှပ်စစ်ရေတင်ပေးနေသော ဆည်တော်ကျေးရွာ လျှပ်စစ်ရေတင်လုပ်ငန်းသို့ သွားရောက်လေ့လာခဲ့သည်။ ကျေးရွာဥက္ကဋ္ဌဖြစ်သူ ဦးဌေးမြင့်က "၂၀၀၉ခုနှစ် စက်တင်ဘာလမှစတင်၍ လျှပ်စစ်ရေတင် လုပ်ငန်းပြုလုပ်ကာ ဆည်မြောင်းမှ တူးဖော်ပေးသည့် ရေမြောင်းဖြင့် ကျေးရွာလယ်မြေဧက ၈၀တွင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စပါးခွံလောင်စာဖြင့် လျှပ်စစ်ဓာတ်အားထုတ်၍ လျှပ်စစ်ရေတင် ပြုလုပ်ရုံတင်မက ကျေးရွာရှိ လမ်းများနှင့် အိမ်ခြေ ၃၃၀ကို ညစဉ် ည၇နာရီမှ ၁၀ နာရီအထိ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးပေးနိုင်ခဲ့ပါကြောင်း" ဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို ရှင်းပြသည်။

## မြင်တွေ့

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်မှ စတင်ဖွင့်လှစ်လိုက်သော ဘုရားကုန်းကျေးရွာအနီးရှိ ဘုရားကုန်းကျေးရွာ လျှပ်စစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိခဲ့သည်။ တောင်ဘက် မုန်းမြောင်းမကြီးမှ စီးဆင်းလာသောရေကို ၉ပေအမြင့် တစ်ဆင့်တင်ပြီး ပေ ၂၅၀၀ ရှည်မြောင်းနှင့် ပေ ၁၅၀၀ရှည် လက်တံမြောင်းသို့ ရေခွဲထုတ်ကာ လယ်မြေဧက ၁၀၀သို့ စိုက်ပျိုးရေပေးဝေနေပုံကိုလည်း မြင်တွေ့ခဲ့ရသည်။

## ဝမ်းမြောက်ဝမ်းသာ

ပွင့်ဖြူမြို့နယ် ပေတောကျေးရွာအုပ်စု၊ သရက်တောကျေးရွာအုပ်စု၊ ဇီးကုန်းကျေး ရွာအုပ်စုတို့မှ မြေဧက ၃၀၀ကို ကိုင်းမြေမှ လယ်မြေအဖြစ် ပြောင်းလဲရန်(Direct Outlet) မြောင်းတူးစနစ် တိုက်ရိုက်ပြွန်ဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားဖြင့် တူးဖော်နေခြင်းကို ဆက်လက်သွားရောက်လေ့လာခဲ့သည်။ မြောက်မုန်း မြောင်းမကြီး၏ လက်တံ (၁၂)၊ ထောင်တိုင် (၁၁/၃) မှ မြောင်းတူး၍ မိုးစပါးတိုးချဲ့စိုက်ပျိုးရန် ဖြစ်သည်။ ရေသွယ်မြောင်းများမရှိ၍ စိုက်ပျိုးမြေများသို့ ရေကိုတိုက်ရိုက်ပို့ပေးရန်ဖြစ်သည်ဟု သိရှိရသည်။ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ဌေးဝင်းက "မိုးမှာ နှမ်း၊ နွေမှာ ပဲမျိုးစုံနှင့် နှမ်းသာစိုက်ရသော ကိုင်းမြေဖြစ်၍ စပါးလုံးဝ စိုက်ပျိုးမရကြောင်း၊ ယခု စပါးစိုက်ပျိုးနိုင်ရန် နိုင်ငံတော်အစိုးရက လုပ်ဆောင်ပေး၍ ရွာမှ တောင်သူအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း" ဖြင့် ပြောကြားသည်။

ပေတောကျေးရွာသား ဦးဇေယျနှင့် ဦးအုန်းငွေတို့ကယခုကဲ့သို့ တိုက်ရိုက်ရေရမယ် ဆိုရင်တော့ ယာမှလယ်ပြောင်းပြီး လုပ်ကိုင်ခွင့်ပေးသလောက် စပါးစိုက်မှာဖြစ်ကြောင်း" ပြောပြသည်။ အသက် ၇၅နှစ်ရှိ တောင်သူဦးကြည်ကလည်း "ဒို့က မိရိုးဖလာ တောင်သူပါ၊ သားသမီးနှစ်ယောက်ပေါင်း ၁၀ဧကရှိတယ်၊ ကိုင်းမြေက တစ်ဧက ပဲရှိတာ၊ သဲတောကွင်းက မြေပျက်မြေရိုင်းတွေကို စပါးစိုက်လို့ရအောင် ရေပေးမယ်ဆိုတော့ ဝမ်းသာတာ ဘယ်ပြောကောင်းမလဲ"ဟု ရိုးရှင်းစွာ ဝမ်းသာစကားဆိုပါသည်။

## ကြည်နူးပီတိ

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေရရှိရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်နေသော မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း တောင်သူများ၏ ကြိုးပမ်းမှုကို ကိုယ်တိုင်မြင်တွေ့ရသော အခါ စာရေးသူ၏ရင်တွင်း၌ အားရကြည်နူးပီတိဖြစ်ခဲ့ရပါကြောင်း။ ။

**(မြန်မာ့အလင်း)**



အရှည် ၂၉ဒသမ ၂မိုင်ရှိ တောင်မုန်းမြောင်းမကြီး၏ လက်တံမြောင်းမှ စိုက်ပျိုးရေများ ပေးဝေနေစဉ်။



ရန်ကင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီမှ ၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်ပွဲကို ဩဂုတ် ၂၈ရက်ကကျင်းပရာ ရန်ကင်းမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးတင်အေး(ငြိမ်း)က တက္ကသိုလ်တက်ရောက်နေသူ ကျောင်းသူအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။ (၁၇၀)

■ *ကျော်ဖုံးမှ*

ရဲစခန်းတစ်ခုမှာ ဖမ်းဆီးချုပ်နှောင်ထားလိုက်တယ်လို့ ဆိုပါတယ်။ မစ္စဟီလ်တန်ကို သူငယ်ချင်းတစ်ဦးက ကားနဲ့မောင်းအပို့မှာ ရဲအဖွဲ့က ဒေသစံတော်ချိန် ညစနာရီခွဲ အချိန်မှာ ဖမ်းဆီးလိုက်တာဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မားကက်စ်မာတင်က ပြောကြားခဲ့ပါတယ်။ မစ္စဟီလ်တန်နဲ့အတူ သူမ သူငယ်ချင်း ယာဉ်မောင်းကိုလည်း မူးယစ်ဆေးဝါးမှုနဲ့ ဖမ်းဆီးခံရဖွယ်ရှိတယ်လို့ ရဲအဖွဲ့က ဆိုပါတယ်။ မစ္စဟီလ်တန်ဟာ ဇူလိုင်လတုန်းကလည်း တောင်အာဖရိကရဲအဖွဲ့က ဆေးခြောက်သုံးစွဲမှုနဲ့ ဖမ်းဆီးခြင်းခံခဲ့ရပါသေးတယ်။ ဒါပေမယ့် ရဲအဖွဲ့က ဘာစွဲချက်မှမတင်ဘဲ ပြန်လွှတ်ပေးခဲ့တယ်လို့ ဆိုပါတယ်။

## အမွေဆက်ခံသူ

ပဲရစ်ဟီလ်တန်အဖမ်းခံရမှုနဲ့ပတ်သက်ပြီး အမေရိကန်မှာရှိတဲ့ မီဒီယာတွေက ဖော်ပြခဲ့လို့ တစ်ကမ္ဘာလုံး ဟိုးလေးတကျော် ဖြစ်ခဲ့ရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ သတင်းစာတွေ၊ မဂ္ဂဇင်းတွေက ခေါင်းကြီးပိုင်းမှာ ဖော်ပြခဲ့တယ်လို့ သိရပါတယ်။ သူမဟာ မော်ဒယ်လ်၊ ရုပ်ရှင်သရုပ်ဆောင်၊ စာရေးဆရာမ၊ အသံဖမ်းပညာရှင်၊ ဖက်ရှင်ဒီဇိုင်နာ စတဲ့ဂုဏ်ပုဒ်အလီလီနဲ့ အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်ပါတယ်။ သူမကို ၁၉၈၁ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်က နယူးယောက်မြို့မှာ မွေးဖွားခဲ့တာ ဖြစ်ပါတယ်။ သူမကို ဟီလ်တန်ဟိုတယ်ရဲ့ အမွေဆက်ခံသူအဖြစ်လည်း လူသိများခဲ့ကြပါတယ်။ သူမရဲ့မိခင်က ရုပ်ရှင်မင်းသမီးဟောင်း ကေသီရစ်ချက်ဖြစ်ပြီး သူမမှာ အစ်မသုံးယောက်နဲ့ မောင်သုံးယောက်ရှိပါတယ်။ သူမဟာ ရစ်ဟီလ်တန်နဲ့ ကေသီရစ်ချက်တို့ရဲ့သမီး ဖြစ်ပါတယ်။ ပဲရစ်ဟီလ်တန်ဟာ ၂၀၀၃ခုနှစ်က သူမနဲ့ သူမချစ်သူဟောင်း ရစ်ဆဲယ်မွန်တို့ ရိုက်ကူးခဲ့တဲ့ ညစ်ညမ်းဗီဒီယိုကားကြောင့် အလွန်ကျော်ကြားခဲ့ပါတယ်။ အဲဒီ ဗီဒီယိုကားကို အင်တာနက်ကနေ လွှင့်တင်ခဲ့ပါတယ်။ ဒါကြောင့်မို့ သူမရဲ့သတင်းတွေနဲ့အတူ လူသိကျော်ကြားလာသူ ဖြစ်လာခဲ့ပါတယ်။ အဲဒီတုန်းက သူမအသက်က ၂၂နှစ်ပဲ ရှိပါသေးတယ်။

ဒါ့အပြင် သူမဟာ သရုပ်ဆောင်မင်းသားအချို့နဲ့ မရှုပ်မရှင်းအလုပ်တွေ လုပ်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီထဲမှာ တိုင်တန်းနစ်မင်းသား လီယိုနာဒို၊ အက်ဒ်ဝပ်ဖာလောင်း၊ ဂျမီကနေဒီ၊ လက်ဖွေ့သမား ဒီလာဟိုယာ၊ ညကလပ်ပိုင်ရှင် ကာဆာရက်တို့ ပါဝင်တယ်လို့ ဆိုပါတယ်။

## စိတ်ဝင်တစား

သူမဟာ ၂၀၀၃ခုနှစ်ကုန်ပိုင်းမှာ တေးအယ်လ်ဘမ်တစ်ခု ထွက်လာခဲ့ပါတယ်။ ဒီတေးအယ်လ်ဘမ်အတွက် ထုတ်ဝေသူ ရောဘတ်ဘိုးက အစအဆုံး ကူညီပေးခဲ့ပါတယ်။ ပဲရစ်ဟီလ်တန်ရဲ့ မျိုးရိုးစဉ်ဆက်တွေဟာ နော်ဝေးနိုင်ငံမှဖြစ်ပါတယ်။ သူ့အဘိုးဖြစ်တဲ့ ဟာဖော်ဆင်ဟီလ်တန်ကို နော်ဝေးနိုင်ငံ အော်စလိုမြို့ပြင်မှာရှိတဲ့ ရွာတစ်ရွာမှာ မွေးဖွားခဲ့ပါတယ်၊ သူ့အသက် ၁၀နှစ်လောက်မှာ မိသားစုနှင့်အတူ အမေရိကန်ကို ပြောင်းရွှေ့လာခဲ့ကြပါတယ်။ ပဲရစ်ဟီလ်တန်ဟာ အရပ်မြင့်မြင့်နဲ့ ရုပ်ဆင်းရူပကာ ချောမောတင့်တယ်သူလည်း ဖြစ်ပါတယ်။ သူမဟာ ရုပ်ဆင်းလှပသလောက် မာယာကြွယ်သူလည်း ဖြစ်ပါတယ်။ သူနဲ့တွဲခဲ့တဲ့ အမျိုးသားတွေကိုလည်း အပျော်တမ်းသဘောနဲ့သာ တွဲခဲ့တယ်လို့ မီဒီယာများက ဆိုကြပါတယ်။ သူမဟာ ရုပ်ရှင်အနုပညာနယ်ပယ်မှာသာမက စာရေးဆရာမအဖြစ်လည်း နာမည်ကျော်ကြားခဲ့သူဖြစ်ပါတယ်။ သူမရဲ့ ကလောင်နာမည်တွေကတော့ Star နဲ့ Princess တို့ပဲ ဖြစ်ပါတယ်။ စာရေးခြင်း အပြင် ဂေါက်သီးအားကစားကိုလည်း ဝါသနာထုံသူ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ပဲရစ်ဟီလ်တန်ဟာ ဖမ်းဆီးခံထားရတဲ့ မူးယစ်ဆေးဝါးမှုနဲ့ ထောင်နန်းစံရလေမလား၊ အမှုမှ ကွင်းလုံးကျွတ်အောင် ဘယ်လိုလှောက်လဲချက်တွေနဲ့ ရုန်းထွက်လေမလဲ ဆိုတာကတော့ သူ့ကိုချစ်တဲ့ ပရိသတ်တွေက စိတ်ဝင်တစား စောင့်ကြည့်ကြရဦးမှာ ဖြစ်ပါတယ်။ **ကိုးကား- အင်တာနက်**

# ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၉**

မြန်မာပို့စ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၃၃)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ပြည်တွင်းပုဂ္ဂလိက ကားထုတ်လုပ်ရောင်းချမှု ဈေးကွက်တွင် မီနီထရပ်နှင့် လိုက်ထရပ်ကား အထုတ်များ အသုံးများလာသည်ဟုဆို၊ ဖိုင်ဘာကြိုးလေးတစ်ချောင်းသွယ်တန်းရုံဖြင့် တီဗွီ၊ အင်တာနက်နှင့် တယ်လီဖုန်းသုံးမျိုးသုံးနိုင်သည့် FTTx စနစ် ခေတ်စားလာတော့မည် စသည့် မျက်နှာဖုံးသတင်းဆောင်းပါးများ၊ မိုးနှင့်အပြိုင်ပျော်မဆုံးသည့် ၂၀၁၀ မြင်ကွင်းကျယ်တောင်ပြုန်း၊ ၂၀၁၀ တွင် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း စံချိန်ချိုးမည်ဟုခန့်မှန်း စသည့် သတင်းဆောင်းပါးများ၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ကြည်ခင်တို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ စည်းရုံးလှုပ်ရှား နိုင်ငံရေးပါတီများ (ခေတ်သစ်ပြည်သူ့ပါတီ)၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ) သတင်းစာရှင်းလင်းပွဲကျင်းပ၊ ရွေးကောက်ပွဲနှင့် ၂၀၁၀ လွှန်ကာလ ပန်းချီဆရာများ၏ အမြင်နှင့် သဘောထား စသည်တို့ကို ဖော်ပြထားသည်။

ထို့အပြင် ကုန်စည်စီးဆင်းမှု မြန်ဆန်ရန် ဆိပ်ကမ်းများအဆင့်မြှင့်တင်၊ Posco က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်မည်၊ မြန်မာ-တီမောလက်စ်တေ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်၊ ဒစ်ဂျစ်တယ်ကင်မရာအသုံးနှင့် ဒစ်ဂျစ်တယ်ပုံကူးလုပ်ငန်း ကြီးထွားကျယ်ပြန့်လျက်ရှိ၊ ရွှေသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းလုပ်သားခေါ်ယူနေ၊ အမျိုးသား စာကြည့်တိုက်ကို ဒစ်ဂျစ်တယ် စာကြည့်တိုက်အဖြစ် ပြောင်းလဲမှုစတင်၊ မလေးရှား အလုပ်အကိုင် ဗီဇာမရှိကလေကြောင်းလိုင်းမှ တင်ဆောင်မည်မဟုတ်၊ စာနယ်ဇင်းပညာသင်တန်း ၁/၂၀၁၀ ဖွင့်မည် စသည့် စိတ်ဝင်စားဖွယ် သတင်းများပါရှိသည်။ **(သတင်းစဉ်)**



ဇူလိုင် ၃၁ရက်က ကွတ်ခိုင်မြို့နယ်ခန်းမ၌ သွေးလွန်တုပ်ကွေးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နေပြည်သူများအား အဘိတ်ခြင်ဆေးအမှုန့်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင်တို့က ဖြန့်ဝေပေးစဉ်။ (မြို့နယ်ကျန်းမာရေး)

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ကျိုက်မရော ဩဂုတ် ၂၉**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျိုက်မရောမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်ပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များသည် ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာ၌ ဩဂုတ် ၂၀ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဖြစ်သော ခြင်ကျားများမပေါက်ပွားနိုင်ရေးအတွက် တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



# ဘဏ္ဍာ/အခွန် ဝန်ကြီး ဦးလှထွန်း အကောက်ခွန် ဦးစီးဌာနဝန်ထမ်းများအား တွေ့ဆုံ လုပ်ငန်းဆိုင်ရာများ မှာကြား

ရန်ကုန် ဩဂုတ် ၂၉

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဩဂုတ် ၂၈ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန ရုံးချုပ်ခန်းမ၌ကျင်းပသော အကောက်ခွန်ဦးစီးဌာနဝန်ထမ်းများအား တွေ့ဆုံပွဲသို့တက်ရောက်၍ အမှာစကားပြောကြားသည်။**(အပေါ်ပုံ)

## မှာကြား

အစီအစဉ်အရ အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲခုနစ်ခုမှ ညွှန်ကြားရေးမှူးများက ဌာနအလိုက် ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများ၊ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားမှု၊ ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်းသို့သွားရောက်၍ ပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာများကို X- Ray Scanning Machine ဖြင့် ကုန်သေတ္တာလုံခြုံမှု စစ်ဆေးခြင်း အခြေအနေ၊ ဆိပ်ကမ်းနှင့် ကုန်လှောင်ရုံအတွင်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် တင်သွင်း၊ တင်ပို့မှု လုပ်ငန်းစဉ်များကို စိစစ်ကြပ်မတ်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အကောက်ခွန် ဦးစီးဌာန၏ အဓိကလုပ်ငန်း တာဝန်ဖြစ်သည့် ပြည်ပကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရေး စသည့်လုပ်ငန်းစဉ်များကို အထူးအလေးထား ဖြည့်ဆည်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပင်လယ်ကမ်းဝေး လုပ်ငန်းရှင်များအသင်း သံတွဲမြို့ လင်းသာကျေးရွာ၌ ငါးမျိုးစိုက်ထည့်

သံတွဲ ဩဂုတ် ၂၉

ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်တည်တံ့နိုင်ရေးအတွက် ပင်လယ်ကမ်းဝေးလုပ်ငန်းရှင်များအသင်းမှ ကကတစ်သားပေါက် ၁ဒသမ၄သန်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ်၂၁ရက် နံနက်၇နာရီက သံတွဲမြို့နယ် လင်းသာကျေးရွာအနီးရှိ ဒီရေတောမဏ္ဍပ်၌ ကျင်းပသည်။

## ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်တို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်တို့က အဖွဲ့အသီးသီးသို့ ငါးသားပေါက်များကို လွှဲပြောင်းပေးအပ်ကာ လင်းသာချောင်းနှင့် ဒီရေတောအတွင်းသို့ ကကတစ်သားပေါက် ၁ဒသမ၄သန်းကို ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

# အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၉

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဩဂုတ် ၂၈ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး၊ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး၊ ရန်ကုန် နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ကျန်းမာရေး ဦးစီးဌာန၌ အခမဲ့ ကွင်းဆင်းဆေးကုသ ဆောင်ရွက်ပေးနေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လူနာများအား အားပေးစကားပြောကြားသည်။

## ရှာဖွေစစ်ဆေး

ထိုသို့ ဆေးကုသမှုဆောင်ရွက်ကြရာတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင် ဦးဆောင်သောအဖွဲ့ကလည်း အသည်းရောင်အသားဝါ (ဘီ) ရောဂါအခမဲ့ စစ်ဆေးပေးခြင်း၊ အသည်းရောင်အသားဝါ (ဘီ)ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းနှင့် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ ဌာနကလည်း ရောဂါရှာဖွေ စစ်ဆေးပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးကြသည်။

## လွှဲပြောင်းပို့ဆောင်

အလားတူ သားဖွားနှင့် မီးယပ်လူနာ၁၃ဦး၊ ကလေးလူနာ ၁၉ဦး၊ အထွေထွေရောဂါ လူနာ ၆၄ဦး၊ မျက်စိရောဂါလူနာ ၁၇၇ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ လူနာ ၁၅ဦးတို့အား အခမဲ့စမ်းသပ် စစ်ဆေးကုသပေးခဲ့ကြပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအားလည်း အထူးကုဆေးရုံကြီးများသို့ ဆက်လက်လွှဲပြောင်းပို့ဆောင်ပေးသည်။

## အခမဲ့ကုသ

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဌာနမှ တိုင်းရင်းဆေးသမားတော်များကလည်း လူနာ ၃၅ဦးတို့အား အခမဲ့ကုသပေးကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဩဂုတ် ၂၇ရက် နံနက်ပိုင်းကလည်း ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး၌ ရောဂါဗေဒဌာန၊ ဓာတ်မှန်ဌာန၊ သွေးဗေဒဌာနနှင့် အသားမျှင်ဌာနတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စက်ရေတွင်းတူးဖော်

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်နယ်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၂ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

**စာတည်းခင်ဗျား-**

တောင်ငူမြို့ မင်းကြီးညိုရပ်ကွက် ထီးနီကုန်း မင်းလမ်းမအနီး ရန်ကုန်-မန္တလေး လမ်းမကြီးအောက် ရေစီးမြောင်းပွန်ပေါက်မှာ အမှိုက်များပိတ်ဆို့နေပြီး ရေများစီးဆင်းမှု မရှိပါသဖြင့် ရပ်ကွက်အတွင်းရှိ လမ်းများနှင့် အိမ်ခြံများတွင် ရေများဝပ်နေပြီး ခြင်များပေါက်ပွားကာ ရပ်ကွက်နေပြည်သူများ ကျန်းမာရေး စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

**ရေခဲရပ်ကွက်သား**

### သံချောင်းထုသံနှင့် ဖြတ်သံ နားမခံနိုင်

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မဒါနလမ်းနှင့် မြန်မာ့ဂုဏ်ရောင် အနောက်လမ်းထောင့်ရှိ အိမ်တစ်အိမ်တွင် ပိတ်ရက်မရှိ နံနက်၈နာရီမှ ညနေ ၆နာရီအထိ သံပန်း၊ သံတံခါးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ သံချောင်းများကို ထုရိုက်ဖြတ်တောက်နေသောအသံကြောင့် ပတ်ဝန်းကျင်အတွင်းနေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါလုပ်ငန်းကို လူနေရပ်ကွက်အတွင်းမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**နားမခံနိုင်သူ**

### ငါးပိနံ့ ပတ်ဝန်းကျင် မခံနိုင်

**စာတည်းရှင့်-**

ကျောက်ပန်းတောင်းမြို့ ဈေးကွက်သစ်ရပ်ကွက် ဓမ္မာရုံမြောက်ဘက်လမ်းရှိ ဈေးကြီးမှကုန်သည်တစ်ဦးသည် ငါးပိများကို အိမ်တွင်ငါးပိကန်များ၊ စဉ့်အိုးများ၊ ငါးပိအိတ်များဖြင့် စီးပွားဖြစ်သိုလှောင်ထားလျက်ရှိရာ ငါးပိနံ့များကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးကို ထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူများ**

### ကျူးကျော်ဈေးဆိုင် ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား-**

တွံတေးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ သံဆိုင်နှင့် ပလတ်စတစ်အရောင်းဆိုင်တို့သည် လမ်းမြေကို ကျူးကျော်၍ ရပ်ကွက်ရေမြောင်းကို ပိတ်ဆို့ပြီး ဆိုင်အခိုင်အမာဆောက်လုပ် ဈေးရောင်းချနေလျက်ရှိရာ ရေစီးရေလာကောင်းရေးအတွက် အဆိုပါကျူးကျော်ဈေးဆိုင်များကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသားများ**

### ညလုံးပေါက်ရောင်းသောဆိုင် ကြပ်မတ်ပေးစေလို

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက် ဒဂုံတောင်-မြောက်လမ်းဆုံအနီး မြို့ဦးရိပ်မွန်အိမ်ရာ အဆောင်(၂) အခန်း(၆)ခြံဘေးကပ်လျက် ဖွင့်ထားသော ထမင်းကြော်နှင့် အအေးရောင်းသောဆိုင်သည် ၂၄ နာရီပတ်လုံး ဆိုင်ဖွင့်လျက် ဗွီစီဒီဇာတ်လမ်းခွေများ ဆူညံစွာပြသခြင်းကြောင့် အနီးအနား၌ နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်ရပါသဖြင့် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ဒဂုံမြို့သစ်သား**

### ရေရရှိရေးဆောင်ရွက်ပေးပါ

**စာတည်းခင်ဗျား-**

သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက် (တိုင်းရင်းသားကျေးရွာအနီး) ရှိ ရတနာအိမ်ရာဝင်းအတွင်း ယခုနှစ်အစောပိုင်းမှစ၍ ရေပေးဝေမှုပြတ်တောက်သွားသောကြောင့် ရေအခက်အခဲကြုံတွေ့နေရပါသဖြင့် ရေရရှိရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရတနာအိမ်ရာမိသားစုများ**

### ဆိုင်ကယ်ပြုပြင်ရေးဆိုင် ပြောင်းရွှေ့ပြီး

၃-၈-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာတည်းထံပေးစာကဏ္ဍတွင် **ကျောက်ပန်းတောင်းမြို့ လွတ်လပ်ရေးရပ်ကွက် အထက(၁)ကျောင်းမြောက်ဘက်ရှိ ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်းမှ အင်ဂျင်စက်ပြုပြင်သည့် စက်သံကြောင့် အနီးပတ်ဝန်းကျင် နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့်ပတ်သက်၍ ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆိုင်ကယ်ပြင်ဆိုင်ကို နေရာပြောင်းရွှေ့ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

### ဆေးရွက်ကြီးမီးခိုးငွေ့ ကိစ္စဖြေရှင်းပြီး

၁၅-၃-၂၀၁၀ရက်၊ ၃-၅-၂၀၁၀ရက်နှင့် ၂၈-၆-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သည့် **ကလေးမြို့ ပင်လုံရပ်ကွက် နယ်မြေ(၄)ရှိ အိမ်တစ်အိမ်မှ ဆေးရွက်ကြီးများကို မီးရှို့ကျိုချက်နေမှု** ပေးစာနှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**

# အနိုင်ရပေမယ့် ထင်သလောက်မလွယ်ခဲ့ဘူး (ဖာဂူဆန်) နားလည်မှုလွဲတာတွေရှိခဲ့တယ် (အောဗရန့်ဂရန့်)

စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ

လန်ဒန် ဩဂုတ် ၂၉

ပရီမီယာလိဂ်ပွဲစဉ် (၃)ကို ဆက်လက်ဆင်နွှဲလျက်ရှိရာ ဩဂုတ် ၂၉ရက်က ကစားခဲ့သည့် မန်ယူနှင့် ဝက်စ်ဟမ်းတို့ပွဲတွင် မန်ယူက သုံးဂိုးပြတ်အနိုင်ရရှိခဲ့ရာ တိုက်စစ်မှူးရွန်နေက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ပြီးခဲ့သည့် မတ်လမှစတင်ကာ ဂိုးပေါက်ပျောက်နေခဲ့သော ရွန်နေအတွက် ယခုနှစ်ဘောလုံးရာသီ၌ ပထမဆုံးသွင်းဂိုးပင်ဖြစ်သည်။ မန်ယူတို့ သုံးပွဲကစားပြီးချိန်၌ ခုနစ်မှတ်ရရှိပြီး တတိယနေရာ၌ ရပ်တည်နေရာ ယခုပွဲအပြီးတွင် နည်းပြနှစ်ဦးနှင့် ဘောလုံးသမားအချို့၏ ပြောစကားများမှာ-

**ဖာဂူဆန်**

"ဒီပွဲမှာ အနိုင်ရဖို့တော့ ယုံကြည်ပြီးသားပါ။ ဒါပေမယ့် ထင်ထားသလောက် မလွယ်ကူခဲ့ပါဘူး။ ရွန်နေ ဂိုးစပြီး သွင်းနိုင်လို့ အသင်းအတွက် အားတက်စရာပါပဲ။ အခုပွဲကစတင်ပြီး


မန်ယူကစားသမား နာနီ။

မန်ယူအတွက် ဂိုးတွေဆက်တိုက် သွင်းပေးနိုင်ပါလိမ့်မယ်။ ဒီပွဲမှာ ကျွန်တော် မျှော်လင့်ထားတဲ့ ကစားသမားတွေ ဂိုးသွင်းယူနိုင်ခဲ့ကြလို့ ကျေနပ်စရာပါပဲ။ ကျွန်တော်တို့ ရည်မှန်းချက် အကောင်အထည်ဖော်နိုင်ဖို့အတွက် စိတ်ဓာတ်ပိုင်းရော ကစားအားပါမလျော့တမ်း ယှဉ်ပြိုင်သွားကြဖို့ ကျွန်တော့်လူတွေကို တွန်းအားပေးထားပါတယ်"။

**အောဗရန့်ဂရန့် (ဝက်စ်ဟမ်းနည်းပြ)**

"ပွဲမစခင်ကတည်းက ကျွန်တော်တို့အတွက် သရေရလဒ်ဟာ အမြင့်ဆုံးဆိုတာ တွေးထားခဲ့ပါတယ်။ ဒါက ရိုးသားစွာ ဝန်ခံလိုက်တာပါ။ မန်ယူဟာ ထိပ်တန်းအသင်းဖြစ်ပြီး စုစည်းကျစ်လျစ်တဲ့ အသင်းကောင်း ဖြစ်နေလို့ပါပဲ။ တစ်ဦးချင်းရော အသင်းလိုက်ပါ ကျွန်တော်တို့နဲ့ စွမ်းဆောင်မှု ကွာနေပါသေးတယ်။ ဒါပေမယ့် ဒီပွဲမှာ ကျွန်တော်တို့ အဖွင့်ဂိုးသွင်းယူနိုင်ရင် မျှော်လင့်ချက်ပြည့်ဝနိုင်ပါတယ်။ ကျွန်တော့် ကစားသမားတွေဟာ အခုပွဲမှာ နားလည်မှုတွေ လွဲနေတာတွေရှိနေဆဲဆိုတာ မြင်တွေ့ခဲ့ရတယ်။ ပြုပြင်သင့်တာတွေ ဒီပွဲမှာ မြင်တွေ့ရသလို သင်ခန်းစာကောင်းတွေလည်း ရခဲ့တာမို့ ဒီရလဒ်ဟာ ထိုက်တန်ပါတယ်"။

**ရွန်နေ**

"ဒီပွဲကတော့ ကျွန်တော့်အတွက် အမှတ်တရပါပဲ။ ကျွန်တော်မန်ယူအတွက် ဂိုးမသွင်းပေးနိုင်ခဲ့တာ ခြောက်လပြည့်တော့မယ်။ အခုပယ်နယ်တီ ဂိုးမသွင်းခင်မှာ စိုးရိမ်စိတ်ဝင်ခဲ့ပေမယ့် ချက်ချင်းဖယ်ထုတ်ခဲ့ပြီး ဂိုးရအောင် သွင်းယူခဲ့တာပါ။ အခုပွဲကစပြီး မန်ယူအတွက် ဂိုးတွေဆက်တိုက်သွင်းဖို့ ကျွန်တော့်ဆန္ဒတွေ ပြင်းပြနေပါပြီ။ ကျွန်တော်ဟာ တိုက်စစ်မှူးကောင်း တစ်ဦးအဖြစ် ပြသရမယ့် တာဝန်ရှိပါတယ်"။

**ဘာဘာတော့ဗ်**

"ဒီပွဲမှာ ဂိုးသွင်းနိုင်ခဲ့တာက ကစားဖော်တွေ ပံ့ပိုးမှုကောင်းလို့ပါပဲ။ မန်ယူ


မန်ယူနည်းပြ ဖာဂူဆန်။

အတွက် ပွဲတိုင်း ဂိုးသွင်းပေးချင်တာဟာ ကျွန်တော့်ရဲ့ အထက်သန်ဆုံး ဆန္ဒဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာတော့ ကျွန်တော် စွမ်းဆောင်ပြနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ ဒီပွဲမှာ အနိုင်ရတာ မန်ယူကစားသမားတွေရဲ့ စုစည်းမှုအားကောင်းလို့ ဖြစ်ပါတယ်"။



မန်ယူတိုက်စစ်မှူး ရွန်နေ။

**နာနီ**

"မန်ယူကို ဂိုးများများ သွင်းယူပေးချင်တယ်။ ဒီစိတ်ဓာတ်နဲ့ ဒီပွဲမှာကစားခဲ့တာပါ။ ကျွန်တော်တို့အခွင့်အရေးတွေ အပြည့်အဝအသုံးချနိုင်ရင် ဒီထက်ဂိုးသွင်းနိုင်မှာဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာ ပွဲများများကစားခွင့်ရရင် မန်ယူအတွက် အကောင်းဆုံး စွမ်းဆောင်ပေးနိုင်မှာပါ"။

ကိုးကား - အင်တာနက်

# ကွင်းလယ်ကစားသမား ဘက်ခမ်း အင်္ဂလန်အသင်းတွင် ပါဝင်ကစားနိုင်မည်လော

အာကာကျော် - ရေးသားသည်

လန်ဒန် ဩဂုတ် ၂၉

အင်္ဂလန်ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် ယခုလစောစောပိုင်းက ယူရို ၂၀၁၂ခြေစစ်ပွဲတွင် အင်္ဂလန်အသင်းအတွက် ပါဝင်ကစားပေးနိုင်တော့မည်မဟုတ်ကြောင်း၊ ယင်းအတွက် စဉ်းစားစရာမလိုတော့ကြောင်း ၄င်းကထုတ်ဖော်ပြောကြားခဲ့သည်။

**ကြိုဆို**

သို့သော် အင်္ဂလန်အသင်းနည်းပြ ကာပယ်လိုက ဒေးဗစ်ဘက်ခမ်းအနေဖြင့် ယူရို ၂၀၁၂ခြေစစ်ပွဲများတွင် ပါဝင်ကစားသင့်ကြောင်း၊ အင်္ဂလန်အသင်းက ကြိုဆိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။


ဒေးဗစ်ဘက်ခမ်း (ဝဲ)နှင့် နည်းပြကာပယ်လို။

**အပြည့်အဝရှိ**

ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်အသင်းအတွက် ကစားပေးရန် ကြံ့ခိုင်မှုလည်း အပြည့်အဝရှိနေသည်။

မကြာမီကစားမည့် ယူရို ခြေစစ်ပွဲများအတွက် အင်္ဂလန်ကစားသမားများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ အင်္ဂလန်ကစားသမားဟောင်းများ၏ တန်ဖိုးကိုလည်း သိပါကြောင်း ကာပယ်လိုက ပြောကြားသည်။

**ဒဏ်ရာရခဲ့**

ဒေးဗစ်ဘက်ခမ်းသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်လည်း ဒဏ်ရာပြင်းထန်စွာရခဲ့သဖြင့် အင်္ဂလန်အသင်းအတွက် ပါဝင်မကစားနိုင်ခဲ့ပေ။

ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်အသင်းအတွက် အဓိကကျသော ကစားသမားဖြစ်ပြီး အသင်း၏စိတ်ဓာတ်ရေးရာမြှင့်တင်မှုအတွက် အကောင်းဆုံးဆွဲဆောင်နိုင်သူလည်းဖြစ်သည်။

**ပါဝင်ကစားဖွယ်ရှိ**

မကြာမီယှဉ်ပြိုင်ကစားတော့မည့် ယူရိုခြေစစ်ပွဲများတွင် အင်္ဂလန်အသင်း၏ အဓိကအားထားရသော ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် နည်းပြကာပယ်လို၏ ပြောကြားခဲ့မှုများအရ ပြန်လည်ပါဝင်ကစားနိုင်ဖွယ်ရှိသည်။

(အင်တာနက်)

❖ ကောင်းမြတ်သူ - ရေးသားသည် ❖

# ဥရောပစူပါဖလား အက်သလက်တီကိုဆွတ်ခူး

မက်ဒရစ် ဩဂုတ် ၂၉

ယူရိုပါလိဂ်ချန်ပီယံ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့သည့် အင်တာမီလန်အသင်းတို့ ဩဂုတ် ၂၇ရက်က ဥရောပစူပါဖလားလုပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် အက်သလက်တီကိုမက်ဒရစ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဖလားဆွတ်ခူးသွားသည်။

အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် အနိုင်ဂိုးများကို ဂျို့စ်အန်တိုနီယို ရေးယက်စ်နှင့် ဆာဂျီယိုအဂွီရိုတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အက်သလက်တီကိုမက်ဒရစ်အသင်းသည် ပြီးခဲ့သည့်နှစ်က ယူရိုပါလိဂ်တွင် ဖလားဆွတ်ခူးခဲ့ပြီးနောက် ယခုပထမဆုံးအကြိမ် ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်အသင်းသည် ရီးရဲမက်ဒရစ်သို့ပြောင်းရွှေ့သွားသော နည်းပြမော်ရင်ဟိုလက်ထက်တွင် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့သည်။

(အင်တာနက်)


အက်သလက်တီကို ကစားသမားများ အင်တာမီလန်အသင်းကို အနိုင်ရပြီးနောက် ဥရောပစူပါဖလားနှင့်အတူ ဤသို့ အောင်ပွဲခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

# တိုက်စစ်မှူး အီဘရာဟင်မိုဗစ် အေစီမီလန်သို့ ပြောင်းရွှေ့



မက်ဒရစ် ဩဂုတ် ၂၉

ဘာစီလိုနာတိုက်စစ်မှူး အီဘရာဟင်မိုဗစ်သည် အီတလီစီးရီးအေကလပ် အေစီမီလန်သို့ ဩဂုတ် ၂၈ရက် ညပိုင်းက ပြောင်းရွှေ့သွားပြီဖြစ်သည်။

**ကစားမည်**

ဆွီဒင်တိုက်စစ်မှူး အီဘရာဟင်မိုဗစ်သည် အေစီမီလန်အသင်းသို့ ယခုနှစ်ရာသီတွင် အငှားသွားရောက် ကစားမည်ဖြစ်သည်။ အေစီမီလန်က ပြောင်းရွှေ့ကြေး ဒေါ်လာသန်း ၃၀ ပေးနိုင်လျှင် အမြဲတမ်းစာချုပ်ဖြင့် ပြောင်းရွှေ့ဖွယ်ရှိသည်။ အေစီမီလန်နှင့် ဘာစီလိုနာတို့၏ သဘောတူမှုရခဲ့ပြီးနောက် တိုက်စစ်မှူး အီဘရာဟင်မိုဗစ်၏ အနာဂတ်ထင်ကြေးပေးမှုများမှာလည်း အဆုံးသတ်သွားပြီ ဖြစ်သည်။

**သွင်းယူပေးခဲ့**

အီဘရာဟင်မိုဗစ်သည် ဘာစီလိုနာအသင်းအတွက် ပြီးခဲ့သည့်ဘောလုံးရာသီက ၁၂ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

(အင်တာနက်)

# တယ်ရီနှင့်လမ်းပတ် ယူရိုခြေစစ်ပွဲနှင့် လွဲချော်နိုင်

လန်ဒန် ဩဂုတ် ၂၉

ချယ်လ်ဆီး ကစားသမားများဖြစ်သည့် လမ်းပတ်နှင့် ဂျွန်တယ်ရီတို့သည် စတုတ်အသင်းနှင့်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဒဏ်ရာများ အသီးသီးရခဲ့သဖြင့် ယူရို ၂၀၁၂ပြိုင်ပွဲ အဖွင့်ပွဲစဉ်များနှင့် လွဲချော်နိုင်ကြောင်း ၄င်းကလပ်က ပြောကြားသည်။

၄င်းတို့နှစ်ဦးသည် အင်္ဂလန်နည်းပြကာပယ်လို၏ အဓိကကစားသမားများဖြစ်သည်။ အင်္ဂလန်အသင်းနှင့် ဘူလ်ဂေးရီးယားအသင်းတို့သည် စက်တင်ဘာ ၃ရက်တွင် ယူရို ၂၀၁၂ခြေစစ်ပွဲ ကစားရန်ရှိသည်။ နောက်တစ်ပတ်အကြာ စက်တင်ဘာ၇ရက်တွင် အင်္ဂလန်နှင့် ဆွစ်ဇာလန်အသင်းတို့ ယူရို ခြေစစ်ပွဲကစားရန် စီစဉ်ထားသည်။




(အင်တာနက်)

# ဒိန်းမတ်တင်းနစ်မယ် ဝင်နီယာစကီ သုံးနှစ်ဆက်တိုက်ဖလားဆွတ်ခူး

နယူးဟာဗင် (ဒိန်းမတ်) ဩဂုတ် ၂၉

ဒိန်းမတ်တင်းနစ်မယ် ဝင်နီယာစကီသည် နယူးဟာဗင်၌ကျင်းပသော ပိုက်လော့ချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲတွင် ပီထရိုဗာအားအနိုင်ရပြီး သုံးနှစ်ဆက်တိုက် ဖလားဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါဒိန်းမတ်တင်းနစ်မယ်သည် ရုရှားတင်းနစ်မယ် ပီထရိုဗာအား ၆-၃၊ ၃-၆၊ ၆-၃ဖြင့် အနိုင်ရပြီး ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဝင်နီယာစကီသည် လွန်ခဲ့သော ၁၂လက ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည်။ ထိုဗိုလ်လုပွဲတွင် ဘယ်လ်ဂျီယံတင်းနစ်မယ် ကလစ္စတားအားရှုံးနိမ့်ပြီး ဖလားလက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ (အင်တာနက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း သဘာဝဘေး သတင်းမှတ်စု တိုး-ရေးသားသည်

## ဝမ်းသာလွန်း၍ မျက်ရည်များပင်လည်ကြရသည့် ပိတ်မိမိုင်းလုပ်သားများထံ ချီလီသမ္မတပြန်ကြား

*ချီလီနိုင်ငံ၌ ပြိုကျသွားသည့် သတ္တုမိုင်းအတွင်း ပိတ်မိနေသော မိုင်းလုပ်သား ၃၃ဦးတို့၏ အသက်ကိုကယ်ဆယ်ရန်အတွက် ချီလီအင်ဂျင်နီယာများက အပူတပြင်းစီစဉ်လျက်ရှိသည်။ ၎င်းတို့ မြေအောက်မိုင်းတွင်း၌ ပိတ်မိနေခဲ့သည်မှာ သုံးပတ်ခန့် ရှိသွားပြီဖြစ်သည်။ ၎င်းတို့၏ မိသားစုများနှင့် ချီလီပြည်သူများမှာ မိုင်းလုပ်သားများအတွက် ဝမ်းနည်းပူဆွေးနေရာမှ မိုင်းလုပ်သားများ အသက်ရှင်လျက်ရှိကြောင်း ကြားသိရသောအခါ အားလုံး ဝမ်းသာလွန်း၍ မျက်ရည်များပင်ကျရသည်ဟု ချီလီမီဒီယာများက ဖော်ပြသည်။*



ချီလီသတ္တုမိုင်းလုပ်သားများ ပိတ်မိနေသည့် သတ္တုမိုင်းနယ်မြေ။

*လေးလကြာ*

*ပိတ်မိမိုင်းလုပ်သားများအား ကယ်ဆယ်ရန် မြေအောက်မိုင်ဝက်ခန့် (မီတာ ၇၀၀)အထိနက်သည့် ထွက်ပေါက်ကို ကယ်ဆယ်ရေးလုပ်သားများက ဩဂုတ် ၃၀ရက်တွင် စတင်တူးဖော်ကြမည် ဖြစ်သည်။ ထိုအစီအစဉ် ပြီးစီးရန် လေးလကြာမည်ဖြစ်သည်။*

*သို့သော် လက်ရှိမိုင်းလိုဏ်ဂူကိုတိုးချဲ့လျှင် ပိတ်မိမိုင်းလုပ်သားများကို နှစ်လအတွင်း ကယ်နိုင်မည်ဖြစ်ကြောင်း အင်ဂျင်နီယာဝေါလတာပဘာရေးရာက ပြောကြားခဲ့သည်။ ချီလီအစိုးရ၏ ကျွမ်းကျင်သူများက ၎င်း၏ အဆိုကို လေ့လာလျက်ရှိသည်။*

*မှာယူတင်သွင်း*

*မူလအစီအစဉ်အရ ထွက်ပေါက် တူးဖော်ရေးအတွက် ချီလီ*

*စာမျက်နှာ ၈ ကော်လံ ၁* ●

## ကမ္ဘာကျော်ဟောလိဝုဒ်သရုပ်ဆောင် ပဲရစ်ဟီလ်တန် မူးယစ်ဆေးဝါးလက်ဝယ်ရှိမှုဖြင့် အဖမ်းခံရ

နယူးယောက် ဩဂုတ် ၂၉

ကောင်းမြတ်သူ ➤ ရေးသားသည်



ကမ္ဘာကျော် ဟောလိဝုဒ်သရုပ်ဆောင်မင်းသမီးပဲရစ်ဟီလ်တန်ကို အမေရိကန်ရဲများက မူးယစ်ဆေးဝါးလက်ဝယ်ရှိမှုနဲ့ ဩဂုတ် ၂၈ရက်က ဖမ်းဆီးလိုက်ကြောင်း ရဲအဖွဲ့က ပြောကြားခဲ့ပါတယ်။

**ဖမ်းဆီး**

မစ္စဟီလ်တန်ကို လက်စ်ဗီးဂက်စ်ရဲအဖွဲ့က သူမလိုက်ပါလာတဲ့ မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစဉ် ဖမ်းဆီးလိုက်ခြင်းဖြစ်ပါတယ်။ ရဲအရာရှိတွေက အဲဒီကားထဲမှာ သံသယရှိတဲ့အမှုန့်တွေ တွေ့ခဲ့တယ်လို့ဆိုပါတယ်။ နောက်ပိုင်းမှာတော့ ဒီအမှုန့်တွေဟာ ဘိန်းဖြူတွေ ဖြစ်နေတယ်လို့ ဆိုပါတယ်။

ဒါနဲ့ ရဲတွေက သူမကို ဘိန်းဖြူ လက်ဝယ်ရှိမှုနဲ့ တရားစွဲဆိုစွဲချက်မတင်မီမှာပဲ အဲဒီဒေသမှာရှိတဲ့ *စာမျက်နှာ ၁၀ ကော်လံ ၅* ■

## ပဲခူးမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၉

ပဲခူးမြစ်ရေသည် ယနေ့နံနက် ၁၁နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့၌ ၈၅၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)